မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်

# ပွဲတော်ခံယူရန် ကြိုတင်ပြင်ဆင်ခြင်းဝတ်

# သန့်ရှင်းသောပွဲတော်မင်္ဂလာဝတ်

# THE LORD'S SUPPER

**အလိုတော်ပြည့်စုံပါစေသော**

**(မဿဲ ၆း၁၀)**

## ပွဲတော်ခံယူရန် ကြိုတင်ပြင်ဆင်ခြင်းဝတ်

**က။ အာရုံစိုက်ခြင်း။**

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်၌၊ **အာမင်။**

**ခ။ ဆာလံ ၈၄ (အပြန်အလှန်ဆိုရန်)။**

၁။ ဗိုလ်ခြေတို့အရှင်ထာဝရဘုရား၊ စံရာတော်သည် အလွန်နှစ်သက်ဖွယ်ဖြစ်လှပါ၏။

၂။ အသက်ရှင်တော်မူသောဘုရားထံ နာမ်ခန္ဓာ၊ ရုပ်ခန္ဓာပါ ကြွေးကြော်ရာ ထာဝရဘုရား၏ တံတိုင်းတော်များကို အကျွန်ုပ်စိတ်ဝိညာဉ်တသ၍ မူးမော်လျက်ရှိလေစွ တကား။

၃။ အိုဗိုလ်ခြေတို့အရှင်ထာဝရဘုရား၊ အကျွန်ုပ်၏ဘုရင်၊ အကျွန်ုပ်၏ဘုရားသခင်၊ စာငှက်များသည် အသိုက်ကိုလည်းကောင်း၊ ပျံလွှားများလည်း သားငယ်မွေးရာ သိုက်မြုံကိုလည်းကောင်း ပူဇော်ရာပလ္လင်တော်များ အထက် ရှာ၍ရပါပြီ။

၄။ ကိုယ်တော်ကို အစဉ်ချီးမွမ်းခွင့်ရသည့်အလျောက်၊ ဗိမာန်တော်၌ နေထိုင်ရသူတို့သည် မင်္ဂလာရှိကြပါ၏။

၅။ လမ်းတော်မြတ်များကို နှလုံးသွင်းလျက် ကိုယ်တော်၌ အားထားသောသူ၊

၆။ ငိုကြွေးရာချိုင့်ကို လျှောက်သွားစဉ် မိုးဦးကြောင့် ကောင်းချီးများလွှမ်းခြုံ၍၊ စမ်းရေ ထွက်ရာအရပ်ဟု မှတ်သားသူတို့သည် မင်္ဂလာရှိကြ၏။

၇။ အစဉ်တစိုက်အားတိုးတက်၍ ဇိအုန်မြို့တွင် ဘုရားသခင်ရှေ့ဖူးမြော်ရကြ ပါ၏။

၈။ ဗိုလ်ခြေတို့အရှင် ထာဝရဘုရားသခင်၊ အကျွန်ုပ်ပဌနာကို နာခံတော်မူပါ။ ယာကုပ်၏ ဘုရားသခင် နားညောင်းတော်မူပါ။

၉။ အကျွန်ုပ်တို့ ဒိုင်းလွှားဖြစ်တော်မူသော ဘုရားသခင်၊ ရှုကြည့်လျက် ဘိသိက်တော်ခံမင်း၏ မျက်နှာကို ထောက်ရှုတော်မူပါ။

၁၀။ တံတိုင်းတော်အတွင်း၌ တစ်ရက်တာသည် ရက်ပေါင်းတစ်ထောင် ထက်မြတ်သည့် အလျောက်၊ လူဆိုးတို့တဲများတွင် တစ်ဘဝလွန်သည် ထက် အကျွန်ုပ်၏ ဘုရားသခင့် ဗိမာန်တော်အနီး ပျပ်ဝပ်ခွင့်ကို သဘောကျပါ၏။

၁၁။ ထာဝရဘုရားသခင်သည် နေနှင့်ဒိုင်းလွှားဖြစ်တော်မူ၏။ ထာဝရ ဘုရားသည် ကျေး ဇူးတော်နှင့် ဘုန်းအသရေကို သနား၍၊ စုံလင်စွာ ကျင့်ကြံသူတို့အား ကောင်းသော အရာကို ငြင်းတော်မူမည်မဟုတ်။

၁၂။ ဗိုလ်ခြေတို့အရှင်အိုထာဝရဘုရား၊ ကိုယ်တော်၌ကိုးစားသောသူသည် မင်္ဂလာရှိပါ၏။

**အားလုံး။**။ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်ကို ချီးမြှောက် ကြပါစေသော။

အစဦးကဲ့သို့ ယခုမှစ၍ ကမ္ဘာအဆက်ဆက် ဘုန်းတော်ထင်ရှားကြပါ စေသတည်း။ **အာမင်။**

**ဂ။ ကြွလာတော်မူရာကို တောင့်တသောပဌနာ။**

ထာဝရဘုရား သားတော်မြတ်ကြွလာသောအခါ ကျွန်တော်တို့၌ စံနေ တော်မူရန် ပြင်ဆင်ထားသော ဗိမာန်ကိုတွေ့တော်မူစေခြင်းငှါ စိတ်နှလုံးကို သန့်ရှင်းစေတော်မူပါ။

**ပရိသတ်**။ ။ အရှင်ဘုရား၊ ကြွလာတော်မူပါ။

**ဃ။ ကိုယ်ကိုစစ်ဆေးခြင်း။**

**တိတ်ဆိတ်စွာနေလျက် အသီးသီးတို့သည် ပွဲတော်မင်္ဂလာမခံမီ နောင်တရခြင်းသို့ ရောက်အံ့သောငှါ၊ အောက်ပါမေးချက်များကို စဉ်းစား၍ ကိုယ့်စိတ်ကို စစ်ဆေးကြရာ၏။**

၁။ အကျွန်ုပ်သည် ကိုယ်ထက်လည်းကောင်း၊ ကြေးငွေဥစ္စာထက်လည်း ကောင်း၊ ဆွေမျိုးသားချင်းနှင့် သူငယ်ချင်းတို့ထက်လည်းကောင်း၊ ရှိရှိသမျှထက်လည်းကောင်း ဘုရားသခင်ကို ချစ်ခင်မြတ်နိုးသလော။



၂။ အိမ်တွင် ဝတ်ပြုခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ကိုယ့်စိတ်ကိုစစ်ဆေးခြင်း၊ ကျောင်းတက်ခြင်း၊ ပွဲတော်ခံယူခြင်းများကို အစီအစဉ်အတိုင်းပြု သလော။

၃။ ဝတ်ပြုရာတွင်လည်းကောင်း၊ ကျောင်းတက်ရာတွင်လည်းကောင်း၊ တရားနာရာတွင် လည်းကောင်း ရိုသေခန့်ညားခြင်းနှင့် စေတနာ ထက်သန်ခြင်းပြုပါသလော။

၄။ တနင်္ဂနွေနေ့တိုင်း အလုပ်အကိုင်ကို လုပ်ထား၍ ဘုရားရှိခိုးသလော။

၅။ မိဘကို ချစ်ခင်၍ ဒုက္ခရောက်ရာ၊ မကျန်းမာရာ၊ အိုမင်းမစွမ်းရာများ ၌ ထောက်မသလော။ အရာရှိ၊ ဘုန်းတော်ကြီး၊ ဆရာ၊ ဆရာမမှစ သော လူကြီး၊ သူကြီးရှိသမျှကို ရိုသေသလော။

၆။ သူတစ်ပါးကို ကိုယ်ချင်းစာနာ၍ စိတ်၊ နှုတ်၊ ကိုယ်အားဖြင့် ညာတာ စွာပြုသလော။

၇။ ကိလေသာကင်း၍ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် သန့်ရှင်း စင်ကြယ်သလော။ စားသောက်၊ အိပ်စက်ရာ၊ ကစားရာတွင် မလွန် မကြူး၊ သင့်ရုံမျှသာ လိုက်သလော။

၈။ သူ့ဥစ္စာကိုမယူ၊ ဖင့်နွဲ့၍လည်းမနေ၊ ဖြောင့်မှန်စွာ လုပ်ကိုင်သလော။

၉။ မုသာမသုံး၊ ဟုတ်တိုင်းမှန်ရာကိုသာ ပြောဆိုသလော။

၁၀။ မနာလိုသောစိတ်၊ ငြူစူသောသလော၊ တပ်မက်သောနှလုံးနှင့် ကင်းလျက်၊ သူတစ်ပါးကို ကိုယ်နှင့်အမျှချစ်ခင်သလော။

**င။ နောင်တရချက်။**

ကရုဏာရှင်အဖဘုရား။ လူသတ္တဝါတို့ ဒုစရိုက်များအတွက် အရှင် ယေရှုခရစ်သည် အသေခံတော်မူကြောင်း သတိရ၍ ကိုယ့်အပြစ်ကို သိမြင်သ ဖြင့် ပူဆွေးဝမ်းနည်းကြပါ၏။ မကောင်းမှုကို ရွံ့ရှာလျက်၊ နောက်နောင် ခရစ် တော် ၏ ပုံစံတော်အလိုက် နှစ်သက်တော်မူရာများကိုသာ ပြုကျင့်ကြစေရန် အားပေးတော်မူပါဘုရား။ **အာမင်။**

**စ။ ယုံကြည်ခိုလှုံချက်။**

ထာဝရဘုရား၊ ကိုယ့်အစွမ်းဖြင့် မည်သည်ကိုမျှ မတတ်နိုင်ပါ။ တန်ခိုးတော်အားဖြင့် သာ အပြစ်လွှတ်လျက် ဖြောင့်မတ်စွာ ကျင်လည်နိုင်ကြောင်း၊ ဘေးကင်းလျက်လည်း ချမ်းသာစွာ နေထိုင်ကြောင်းများကိုသိ၍ ကိုယ်တော်ကိုသာ ခိုလှုံကြပါ၏။ အကြွင်းမဲ့ယုံကြည်ကိုးစားသောစိတ်ကို သွင်းပေးတော်မူပါဘုရား။ **အာမင်။**

**ဆ။ စောင့်မျှော်ချက်။**

ကျေးဇူးတော်ဖြင့် ယခုဘဝ၌ ဆင်းရဲဒုက္ခကို အောင်မြင်၍ နောင်ဘဝ၌ သုခဘုံသို့ ဝင်စားခွင့်ရှိမည်ကို မျှော်လင့်သောကြောင့် စိတ်မပျက်ဘဲ သဘောကောင်းကောင်းထားကြပါ၏။ ကျွန်တော်စစ်တို့အဖို့ ပြင်ဆင်တော်မူသောအရာများကို စောင့်မျှော်လျက် တစ်သက်ပတ်လုံး နှိပ်စက်ခက်ခဲလေရာရာ၌ ရဲရင့်စေတော်မူပါဘုရား။ **အာမင်။**

**ဇ။ မြတ်နိုးချစ်ခင်ချက်။**

အဖဘုရား၊ မေတ္တာတော်ကို အောက်မေ့၍ ကိုယ်တော်ကို မြတ်နိုးသည်နှင့် အလို တော်အတိုင်း လျှောက်လိုက်လိုကြပါ၏။ ဖန်ဆင်းတော်မူသောလူသတ္တဝါတို့ကိုလည်း ချစ်ခင်သည်နှင့် တတ်နိုင်သမျှ ထောက်မလိုကြပါ၏။ တိုး၍ မြတ်နိုးချစ်ခင်စေရန် သွန်သင်တော်မူပါ ဘုရား။ **အာမင်။**

**ဈ။ ပန်ထွာချက်နှင့် ပဌနာတော်။**

**ဆရာ** ။ ။ ထာဝရဘုရား ကယ်မသနားတော်မူပါ။
**ပရိတ်သတ်** ။ ။ ခရစ်တော်ဘုရား ကယ်မသနားတော်မူပါ။
**ဆရာ** ။ ။ ထာဝရဘုရား ကယ်မသနားတော်မူပါ။
**အားလုံး** ။ ။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့အဘ၊ နာမတော် ရိုသေခြင်း၊ နိုင်ငံတော်တည်ထောင်ခြင်း၊ အလိုတော်ပြည့်စုံခြင်းများသည် ကောင်းကင်ဘုံ၌ ကဲ့သို့ မြေကြီးပေါ်မှာ စုံလင်ပါစေသော။ အသက်မွေးလောက်သောအစာကို ယနေ့ပေးသနားတော်မူပါ။ ကျွန်တော်တို့အား ပြစ်မှား



သူတို့အပေါ်တွင် ကိုယ်တိုင်ဖြေလွှတ်ကြသကဲ့သို့ ကျွန်တော်တို့၏ အပြစ်များကို ဖြေလွှတ်တော်မူပါ။ အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ အဆိုးမှလည်း ကယ်နှုတ်တော်မူပါ။ အာမင်။

**ည။ ပွဲတော်၏အကျိုးကျေးဇူးများကို တောင်းလျှောက်ချက်များ။**

**ဆရာ** ။ ။ အနန္တတန်ခိုးရှင် ထာဝရဘုရား၊ ကျွန်တော်တို့သည် ပွဲတော်မင်္ဂလာကိုဝင်ကြရာတွင် သိုးပျောက်ကဲ့သို့ သိုးတော်မြတ်ထံသို့၊
**ပရိသတ်** ။ ။ ချဉ်းကပ်ကြပါသည် ဘုရား။
**ဆရာ** ။ ။ လူသစ်ကဲ့သို့ ကရုဏာတော်စမ်းပေါက်သို့၊
**ပရိသတ်** ။ ။ ချဉ်းကပ်ကြပါသည် ဘုရား။
**ဆရာ** ။ ။ လူမိုက်ကဲ့သို့ ရောင်ခြည်အလင်းတော်သို့၊
**ပရိသတ်** ။ ။ ချဉ်းကပ်ကြပါသည် ဘုရား။
**ဆရာ** ။ ။ လူနာကဲ့သို့ အသက်ရှင်စေပိုင်သော သမားကြီးထံသို့၊
**ပရိသတ်** ။ ။ ချဉ်းကပ်ကြပါသည် ဘုရား။
**ဆရာ** ။ ။ လူမွဲကဲ့သို့ မိုးမြေရှင်ထံသို့
**ပရိသတ်** ။ ။ ချဉ်းကပ်ကြပါသည်ဘုရား
**ဆရာ** ။ ။ ပျက်စီးသူကဲ့သို့ ဖန်ဆင်းသောအရှင်ထံသို့၊
**ပရိသတ်** ။ ။ ချဉ်းကပ်ကြပါသည် ဘုရား။
**ဆရာ** ။ ။ ညှိုးနွမ်းသူကဲ့သို့ နှစ်သိမ့်စေသောအရှင့်ထံသို့၊
**ပရိသတ်** ။ ။ ချဉ်းကပ်ကြပါသည် ဘုရား။
**ဆရာ** ။ ။ အပြစ်သားကဲ့သို့ ဖြေလွှတ်သောအရှင့်ထံသို့၊
**ပရိသတ်** ။ ။ လက်ချည်း ချဉ်းကပ်ကြပါသည်အဖဘုရား။
**ဆရာ** ။ ။ ညစ်ညူးခြင်းအစား သန့်ရှင်းခြင်း၊ မိုက်မှောင်ခြင်းအစား ထွန်းလင်းခြင်း၊ နာဖျားခြင်းအစား ကျန်းမာခြင်း၊ ဆင်းရဲခြင်းအစား ကြွယ်ဝခြင်းများနှင့် ကြေကွဲကျိုးနွံသောစိတ်၊ ရိုသေခန့်ညားသောစိတ်၊ ယုံကြည်ကိုးစားသောစိတ်၊ ချစ်ကြည် မြတ်နိုးသောစိတ်၊ နှိမ့်ချသိမ်မွေ့သောစိတ်များကို သနားတော်မူ၍ ကျွန်တော်တို့သည် ဘုရင်ထက်ဘုရင်၊ အရှင်ထက်အရှင်ကို တွေ့ကြအံ့သောငှါ ကျေးဇူးပြုတော်မူပါမည့်အကြောင်း၊

ပရိသတ် ။ ။ အသနားတော်ခံကြပါသည် ထာဝရအဖဘုရား။

ဆရာ ။ ။ မုန့်နှင့်စပျစ်ရည်တော် စားသောက်ရသူ ကျွန်တော်တို့ကို ကောင်းကင်တမန်တို့၏ အစာအာဟာရဖြင့် ကျွေးမွေးတော်မူလျက်၊ အရှင်ယေရှုခရစ်၏ အသားတော်၊ အသွေးတော်မြတ်ကို စားသောက်ခွင့်ပြုတော်မူသဖြင့် ခရစ်တော်၏ ကိုယ်အင်္ဂါအဖြစ်၌ တည်နေကြသည်နှင့်အညီ ယခုအခါ ရေးရေးမျှ ဖူးမြင်ရကြသောအရှင်ကို နောင်အခါ မျက်မှောက်ထင်ထင် ဖူးတွေ့ခွင့်ရကြပါအောင် မစသနားပါမည့်အကြောင်း၊

ပရိသတ် ။ ။ အရှင်ယေရှုခရစ်ကို အမှီပြု၍ တောင်းလျှောက်ကြပါသည်ဘုရား။

**၄။ ကြံရွယ်ထားခြင်း။**

**တိတ်ဆိတ်စွာနေလျက် အသီးသီးတို့သည် ချီးမွမ်းခြင်းဝတ် တောင်းလျှောက်ခြင်းဝတ်၊ မေတ္တာပို့ခြင်းဝတ်များကို ပွဲတော်၌ ထိုက်တန်စွာပြုရအံ့သောငှါ၊**

(၁) လောကအကျိုးကျေးဇူး၊ လောကုတ္တရာအကျိုးကျေးဇူးများကို မည်သို့ခံခဲ့ရ၍ ချီးမွမ်းလိုကြောင်း၊

(၂) ကိုယ်ခန္ဓာအဖို့လည်းကောင်း၊ နာမ်ဝိညာဉ်အဖို့လည်းကောင်း၊ မည်သည်ကို လို၍တောင်းလျှောက်လိုကြောင်း၊

(၃) အမျိုးတော်၍ဖြစ်စေ၊ ချစ်ခင်၍ဖြစ်စေ၊ စိုးရိမ်၍ဖြစ်စေ၊ မသင့်မတင့်ရှိ၍ ဖြစ်စေ၊ မည်သူတို့အဖို့ မေတ္တာပို့လိုကြောင်းများကို စဉ်းစားကြရာ၏။

**၅။ အထမြောက်စေရန် ပဌနာ။**

ဆရာ ။ ။ ထာဝရအဖဘုရား၊ ယခုခံယူကြမည့် ပွဲတော်မင်္ဂလာအားဖြင့် ကျွန်တော်တို့သည် အပြစ်စီရင်ခြင်းကိုမဟုတ်၊ အပြစ်ဖြေလွှတ်ခြင်း၊ ကယ်တင်ခြင်းကို တွေ့ရှိကြ၍ လောဘ၊ ဒေါသ၊ မောဟ၊ မာနမှစသော ကိလေသာများနှင့် ကင်းလွတ်လျက် ချစ်ခင်ခြင်း၊ သည်းခံခြင်း၊ ကျင့်စောင့်ခြင်း၊ ကြိုးစားခြင်းအစရှိသော ပါရမီများ



တိုးပွားကြသဖြင့် စိတ်ငြိမ်းချမ်းသာယာခြင်းနှင့် ကိုယ်တော်ကိုသာ ကြည်ညိုခိုလှုံလျက် ရွှေပြည်တော်သို့ ရောက်စေတော်မူပါမည့်အကြောင်း၊

ပရိသတ် ။ အသနားတော်ခံကြပါသည်ဘုရား။

**၆။ အဆုံးသတ်ချက်။**

အားလုံး ။ အိုထာဝရဘုရား၊ ကျွန်တော်တို့ကို ကောင်းချီးပေး၍ စောင့်ထိန်းတော်မူပါ။ ရောင်ခြည်တော်လွှတ်၍ ကရုဏာသက်တော်မူပါ။ ယခုမှစ၍ အစဉ်အမြဲမျက်နှာသာပေးလျက် ငြိမ်သက်ချမ်းသာခြင်းကို သနားတော်မူပါဘုရား။ **အာမင်။**

# သန့်ရှင်းသောပွဲတော်မင်္ဂလာဝတ်

## ပြင်ဆင်ခန်း

***(ဘုန်းကြီးသည် ကြွရောက်လာရာ၌ ပရိသတ်အားလုံး မတ်တတ်ရပ်လျက် သီချင်း တစ်ပုဒ်ကို ဆိုနိုင်သည်။ သီချင်းပြီးဆုံးသောအခါ၊ ဘုန်းကြီး မတ်တတ်ရပ်လျက်နေစဉ် ပရိသတ်များ ဒူးထောက်လျက် ရှိရမည်။)***

**ဘုန်းကြီး** ။ ။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမတော်၌။

**ပရိသတ်** ။ ။ ***အာမင်။***

### ကိုးကွယ်ခိုလှုံခြင်း

**ဘုန်းကြီး** ။ ။ အို ဖန်ဆင်းတော်မူသော ခမည်းတော်ဘုရား၊ ကိုယ်တော်၌ ကျွန်ုပ်တို့ ခိုလှုံကြပါသည်။

**ပရိသတ်** ။ ။ အို ဖန်ဆင်းတော်မူသော ခမည်းတော်ဘုရား၊ ကိုယ်တော်၌ ကျွန်ုပ်တို့ ခိုလှုံကြပါသည်။

**ဘုန်းကြီး** ။ ။ အို ကယ်တင်ရှင်ဖြစ်တော်မူသော သားတော်ဘုရား၊ ကိုယ်တော်၌ ကျွန်ုပ်တို့ ခိုလှုံကြပါသည်။

**ပရိသတ်** ။ ။ အို ကယ်တင်ရှင်ဖြစ်တော်မူသော သားတော်ဘုရား၊ ကိုယ်တော်၌ ကျွန်ုပ်တို့ ခိုလှုံကြပါသည်။

**ဘုန်းကြီး** ။ ။ အို သန့်ရှင်းစင်ကြယ်စေတော်မူသော သန့်ရှင်းသောဝိညာဉ်တော်ဘုရား၊ ကိုယ်တော်၌ ကျွန်ုပ်တို့ ခိုလှုံကြပါသည်။

**ပရိသတ်** ။ ။ အို သန့်ရှင်းစင်ကြယ်စေတော်မူသော သန့်ရှင်းသောဝိညာဉ်တော်ဘုရား၊ ကိုယ်တော်၌ ကျွန်ုပ်တို့ ခိုလှုံကြပါသည်။

**ဘုန်းကြီး** ။ ။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် သုံးပါး တစ်ဆူတည်းသောဘုရားသခင်၏ နိုင်ငံတော်သည် မင်္ဂလာ ရှိပါစေသတည်း။

**ပရိသတ်** ။ ။ ကမ္ဘာအဆက်ဆက် မင်္ဂလာရှိတော်မူစေသတည်း။***အာမင်။***



### နှုတ်ခွန်းဆက်ခြင်း

**ဘုန်းကြီး** ။ ။ အရှင်သခင်ယေရှုခရစ်၏ကျေးဇူးတော်၊ ဘုရားသခင်၏ မေတ္တာတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ မိတ်သဟာယ တော်သည် ပရိသတ်တို့နှင့် အတူ ရှိတော်မူပါစေသော။

**ပရိသတ်** ။ ။ ဆရာတော်နှင့်လည်းအတူ ရှိတော်မူပါစေသော။

### ဆုတောင်းချက်

***(ပရိသတ်များ ဒူးထောက်လျက်နေစဉ် အောက်ပါဆုတောင်းချက်များကို ဘုန်းကြီးသည် အသံနှင့်ဖြစ်စေ၊ ရိုးရိုးဖြစ်စေ ဆိုရမည်။)***

#### အဒ်ဝင်တ္တုမှ ကွင်ကွာဂျက်စမအထိ

**ဘုန်းကြီး** ။ ။ ကရုဏာတော်နှင့် ပြည့်စုံတော်မူသောအဖဘုရား၊ နှစ်သိမ့်ခြင်း၊ ရဲရင့်ခြင်း နှင့် ကိုယ်တော်ကို လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်ခြင်းကို ကျွန်တော်တို့အား ပေးသနားတော်မူပါ။ ကျွန်တော်တို့ရှိသောနေရာသည် သန့်ရှင်းသောနေရာဖြစ်သည်နှင့်အညီ ကျွန်တော်တို့အား ရဲရင့်ခြင်းကို ပေးသနားတော်မူပါ။ ကျွန်တော်တို့ကို ပွင့်လင်း စေ၍သက်ဝင်စေတော်မူပြီး သန့်ရှင်းစင်ကြယ်စေတော်မူပါမည့်အကြောင်း အရှင်ခရစ်တော်ကို အမှီပြု၍ တောင်းလျှောက်ကြပါသည် အဖဘုရား။ ***အာမင်။***

#### ပြာဗုဒ္ဓဟူးမှ ပင်တေကုတ္တေပွဲနေ့အထိ

**ဘုန်းကြီး** ။ ။ ကောင်းကင်ဘုံရှင်အဖဘုရား၊ ကောင်းမြတ်သော ဆုကျေးဇူးတို့၏အရင်း မူလဖြစ်သော ကိုယ်တော်၌ မှောင်မိုက်ခြင်း မရှိပါ။ ကိုယ်တော်သည် ကျွန်တော်တို့၏စိတ်နှလုံးတံခါးကို ဖွင့်နိုင်၊ ပိတ်နိုင်သောအရှင်ဖြစ်တော်မူသည့်အတိုင်း ကျွန်တော်တို့၏ အသက်တာကို ကိုယ်တော်၏ မျက်မှောက်တော်

၌ ပွင့်လင်းစေရန် ကူညီမစတော်မူပါ။ ကိုယ်တော်တစ်ပါး တည်းသာလျှင် စစ်မှန်သောဘုရားဟူသော အသိပညာကို ပေးသနားတော်မူပါ။ ထာဝရအသက်ဖြစ်တော်မူသော သခင်ယေရှုခရစ်တော်ကို ကျွန်တော်တို့ စိတ်နှလုံးတွင် လက်ခံနိုင်စေရန် ထိုအရှင်၏နာမအားဖြင့် ဆုတောင်းကြ ပါသည် ထာဝရအဖဘုရား။ ***အာမင်။***

## ဩဝိနတိကာလတစ်လျှောက်လုံး

**ဘုန်းကြီး** ။ ။ လူခပ်သိမ်းတို့၏ စိတ်နှလုံးအလိုဆန္ဒများသည်၊ မျက်မှောက် တော်၌ ပွင့်လင်းထင်ရှားသဖြင့်၊ လျှို့ဝှက်ဖုံးကွယ်ရာများ ကိုလည်း၊ အကြွင်းမရှိ သိမြင်တော်မူသော အနန္တတန်ခိုးရှင် မြတ်စွာဘုရား၊ ကိုယ်တော်ကို ချစ်ကြည်မြတ်နိုး၍ နာမ တော်ကိုလည်း ချီးမွမ်းနိုင်ကြစေခြင်းငှာ၊ ကျွန်တော်တို့ စိတ်နှလုံးအကြံအစည်များကို ဝိညာဉ်တော်တိုက်တွန်းတော် မူခြင်းဖြင့် သန့်ရှင်းစင်ကြယ်စေတော်မူပါမည့်အကြောင်း အရှင်ခရစ်တော်ကို အမှီပြု၍ အသနားတော်ခံကြပါသည် ဘုရား။ ***အာမင်။***



## ပညတ်တော်ဆယ်ပါး၊ မင်္ဂလာတရားတော်(၈)ပါး၊ ပါရမီသုံးပါးတို့ကို ခံယူခြင်း

### အဒ်ဝင်တူမှ ကွင်ကွာဂျက်စမအထိ

### ပညတ်တော်ဆယ်ပါး

**ဘုန်းကြီး** ။ ။ ဘုရားသခင်မိန့်တော်မူသည်မှာ-

၁။ ငါသည် သင်၏ဘုရားသခင်ထာဝရဘုရားဖြစ်၏၊ ငါမှတစ်ပါး အခြားသောဘုရားကို မကိုးကွယ်နှင့်။

၂။ ရုပ်ပွါးဆင်းတုကို မလုပ်နှင့်၊ ဦးမချ ဝတ်မပြုနှင့်။

၃။ ထာဝရဘုရား၏ နာမတော်ကို မထီမဲ့မြင် အသုံးမပြုနှင့်။

၄။ ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ အောက်မေ့လော့၊ ခြောက်ရက်ပတ် လုံး အလုပ်မျိုးကို လုပ်ဆောင်ရမည်။

၅။ မိဘတို့ကို ရိုသေလော့။

၆။ လူ့အသက်ကို မသတ်နှင့်။

၇။ သူ့သားအိမ်ယာကို မပြစ်မှားနှင့်။

၈။ သူ့ဥစ္စာကို မခိုးနှင့်။

၉။ မုသားသက်သေ မခံနှင့်။

၁၀။ တပ်မက်သောစိတ် မရှိစေနှင့်။

**ပရိသတ်** ။ ။ အို ထာဝရဘုရား၊ အဆုံးတိုင်အောင် စောင့်ထိန်းရစေရန် ထုံးဖွဲ့တော်မူသော နည်းလမ်းကို သွန်သင်တော်မူပါ။

## လင်းတုဝါမှ ဝဇ္ဇင်အထိ

## မင်္ဂလာတရားတော်(၈)ပါး

**ဘုန်းကြီး** ॥ ॥ ၁။ စိတ်နှိမ့်ချသောသူတို့၌ မင်္ဂလာရှိ၏။ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏ နိုင်ငံဖြစ်၏။

၂။ မြည်တမ်းရသောသူတို့၌ မင်္ဂလာရှိ၏။ ထိုသူတို့သည် နှစ်သိမ့်ရကြလတံ့။

၃။ စိတ်သိမ်မွေ့သောသူတို့၌ မင်္ဂလာရှိ၏။ ထိုသူတို့သည် ဤမြေကြီးကို အပိုင်ရကြလတံ့။

၄။ ဖြောင့်မတ်ခြင်းကို ဆာငတ်သောသူတို့၌ မင်္ဂလာရှိ၏။ ထိုသူတို့သည် ဝပြောရကြလတံ့။

၅။ သနားတတ်သောသူတို့၌မင်္ဂလာရှိ၏။ ထိုသူတို့သည် သနားခြင်းကို ခံရကြလတံ့။

၆။ စိတ်နှလုံးစင်ကြယ်သောသူတို့၌ မင်္ဂလာရှိ၏။ ထိုသူတို့သည် ဘုရားသခင်ကို ဖူးမြင်ရကြလတံ့။

၇။ ဖျန်ဖြေတတ်သောသူတို့၌မင်္ဂလာရှိ၏။ ထိုသူတို့သည် ဘုရားသခင်၏ သားများဟု အခေါ်ခံရကြလတံ့။

၈။ ဖြောင့်မတ်ခြင်းကြောင့် ညှဉ်းပမ်းခံရသောသူတို့၌ မင်္ဂလာရှိ၏။ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏ နိုင်ငံဖြစ်၏။

**ပရိသတ်** ॥ ॥ ထာဝရဘုရားကို ခန့်ညားလျက် နည်းလမ်းတော်များ၌ လျှောက်လိုက် သောသူတိုင်း မင်္ဂလာရှိပါစေသော။



## တြိနတိကာလတစ်လျှောက်

## ပါရမီ(၃)ပါး

## ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း

**ဘုန်းကြီး**॥ ၁။ ဘုရားသခင်ထံ ချဉ်းကပ်လိုသူသည် ကိုယ်တော်ရှိတော်မူကြောင်းကိုလည်းကောင်း၊ လိုက်ရှာသူတို့အား အကျိုးပေးတော်မူကြောင်းကိုလည်းကောင်း ယုံကြည်ရမည်။ ယုံကြည်ခြင်းမရှိလျှင် စိတ်တော်နှင့်တွေ့ရာ မရောက်ချေ။

၂။ အသို့ဆိုသော် လူခပ်သိမ်းတို့ကိုကယ်တင်ရန် ဘုရားသခင်ကျေးဇူးတော်သည် ထင်ရှားလျက် ငါတို့သည် ဘုရားတရားမဲ့နေခြင်းနှင့် လောကီတပ် မက်ခြင်းများကို ငြင်းပယ်၍ မင်္ဂလာနှင့်ပြည့်စုံသော မျှော်လင့်ရာ ဘုန်းတော်၊ မြင့်မြတ်သော ဘုရားသခင်နှင့် ငါတို့ကယ်တင်ရှင် ခရစ်တော်ယေရှု၏ ဘုန်းတော်ထင်ရှားမည်ကို တောင့်တကာ ယခုကာလ၌ ဣန္ဒြေစောင့်ခြင်း၊ ဖြောင့်မတ်ခြင်း၊ ဘုရားတရားကြည်ညိုခြင်းနှင့် နေထိုင်ကြစေရန် သွန်သင်ခဲ့လေ၏။

၃။ အချင်းချင်းချစ်ကြလော့ဟူသော ပညတ်တော်သစ်ကို သင်တို့အား ငါပေး ၏။ ငါသည် သင်တို့ကိုချစ်သည့်နည်းတူ သင်တို့လည်း အချင်းချင်း ချစ်ကြလော့။

**ပရိသတ်**॥ ॥ ထာဝရဘုရား၏ တရားတော်၌ မွေ့လျော်၍ ထိုတရားတော်ကို နေ့ညဉ့် မပြတ်၊ စဉ်းစားဆင်ခြင်သောသူသည် မင်္ဂလာရှိ၏။

**ဘုန်းကြီး**॥ ॥ ကိုယ်တော်၏ငြိမ်သက်ခြင်းသည် ပရိသတ်တို့နှင့်အတူ ရှိတော်မူပါစေသော။

**ပရိသတ်**॥ ॥ ဆရာတော်နှင့်လည်းအတူရှိတော်မူပါစေသော။

## ဆုတောင်းကြကုန်အံ့
## နေ့ရက်ဆိုင်ရာပဋ္ဌနာ

*(ပွဲတော်မင်္ဂလာစီရင်သည့် ဘုန်းကြီးသည် ပလ္လင်တော်ဘက်သို့ လှည့်ပြီးသော် နေ့ရက်ဆိုင်ရာ ပဋ္ဌနာနှင့် အခြားသတ်မှတ်ခွင့်ပြုထားသော အထူးပဋ္ဌနာများကို ရွတ်ဆိုရမည်။)*

### နှုတ်ကပတ်တော်အားဖြင့် ဝတ်ပြုကိုးကွယ်ခြင်း

### ဓမ္မဟောင်းကျမ်းချက်

*(ဓမ္မဟောင်းကျမ်းချက်အဆုံးတွင် ဖတ်သူက "ဤသည်ကား ဘုရားသခင်၏ နှုတ်ကပတ်တော်တည်း" ဟု ဆိုရမည်။)*

**ပရိသတ်** ။ ။ ကျေးဇူးတော်ကြီးလှပါပေ၏။

**ဓမ္မသံစုံတစ်ပုဒ်ဆိုနိုင်သည်။** *(မရှိပါက ဩဝါဒကျမ်းချက်ကို ဆက်ဖတ်ရန်)*

### ဩဝါဒကျမ်းချက်

*(ဩဝါဒကျမ်းချက်ဖတ်သူက "ကြားနာရန်ဩဝါဒကျမ်းချက်မှာ ..................၊ အခန်းကြီး...........၊ အခန်းငယ်......... မှစ၍"ဟု စ၍ဖတ်ပါမည်။ အဆုံးတွင် "ဤသည်ကား ဘုရားသခင်၏နှုတ်ကပတ်တော်တည်း" ဟု ဆိုရမည်။)*

**ပရိသတ်** ။ ။ ကျေးဇူးတော်ကြီးလှပါပေ၏။

### ဓမ္မသီချင်းတစ်ပုဒ်ကိုဆိုနိုင်သည်

### ဧဝံဂေလိကျမ်းချက်

**ဘုန်းကြီး** ။ ။ ထာဝရဘုရားသည် ပရိသတ်တို့နှင့်အတူ ရှိတော်မူပါစေသော။

**ပရိသတ်** ။ ။ ဆရာတော်နှင့်လည်းအတူ ရှိတော်မူပါစေသော။



**ဘုန်းကြီး** ။ ။ သန့်ရှင်းသော ဧဝံဂေလိကျမ်းချက်ကား. . . . . ဧဝံဂေလိကျမ်း အခန်းကြီး. . . . . . . ၊ အခန်းငယ် . . . . . . . . . မှ-

**ပရိသတ်** ။ ။ အိုခရစ်တော်ဘုရား ဘုန်းတော်ထင်ရှားပါစေသော။

*(ဧဝံဂေလိကျမ်းဖတ်ပြီးနောက်)*

**ပရိသတ်** ။ ။ အိုခရစ်တော်ဘုရား ကျေးဇူးတော်ကြီးလှပါပေ၏။

## တရားနာခန်း
## တ ရား ဒေ သ နာ ဟော ကြား ခြင်း

### ယုံကြည်ချက်ကို အတည်ပြုခြင်း

**ဘုန်းကြီး** ။ ။ ကျွန်တော်တို့၌ အရှင်သခင်တစ်ပါး၊ ယုံကြည်ခြင်းတစ်ပါး၊ ဗတ္တိဇံတစ်ပါး ခပ်သိမ်းသောအရာထက် ခပ်သိမ်းသော အရာမှ မွန်မြတ်ရာဖြစ်သော အဖခမည်းတော်တစ်ဆူတည်းရှိသောကြောင့် တစ်ကမ္ဘာလုံးရှိ ခရစ်ယာန်များတို့နှင့်အတူ ဘိုးဘေးတို့အတည်ပြုခဲ့သော နိစိန်ယုံကြည်ချက်ကို ကျွန်ုပ်တို့ ယုံကြည်ခြင်းဖြင့် ရွတ်ဆိုကြကုန်အံ့။

***(ထို့နောက် တနင်္ဂနွေနေ့နှင့် ပွဲနေ့ကြီးများမှအပ အခြားနေ့စဉ်ဝတ်ပြုရာ၌ နံနက်ဝတ်ဆိုပြီးခဲ့သော် ဘုန်းကြီးသည် နိစိန်ယုံကြည်ချက်ကို ချန်လှပ်ထားလိုသော် ထားနိုင်သည်။ အသံနှင့်သော်လည်းကောင်း၊ ရိုးရိုးသော်လည်းကောင်းဆိုစဉ် ပရိသတ်သည် မတ်တတ်ရပ်လျက် လိုက်ဆိုပါ။)***

### နိစိန်ယုံကြည်ချက်

မိုယ်းမြေရူပ၊ အရူပ အရာခပ်သိမ်းကို ဖန်ဆင်းပြုပြင်တော်မူထသော၊ အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူထသော၊ တစ်ပါးတည်းဖြစ်တော်မူထသော ခမည်းတော်ဘုရားသခင်ကို အကျွန်ုပ် ယုံကြည်ပါ၏။

ကပ္ပတ္တဖြစ်တော်မူထသော၊ ရှေးကမ္ဘာမရှိမီ ခမည်းတော်အားဖြင့် ဖြစ်ပွါးစေခြင်းကို ခံတော်မူထသော၊ ဘုရားမှဘုရား၊ အလင်းမှအလင်း၊ မှချ

ဘုရားမှ မုချဘုရားဖြစ်တော်မူထသော၊ ဖန်ဆင်းခြင်းအားဖြင့်မဟုတ်၊ ဖြစ်ပွါးစေခြင်းအားဖြင့် ဖြစ်တော်မူထသော၊ ခမည်းတော်နှင့် တစ်ဇာတိတည်းဖြစ်တော်မူထသော၊ အရာခပ်သိမ်းကိုဖြစ်စေတော်မူထသော၊ လူသတ္တဝါအပေါင်းတို့ကို ကယ်တင်အံ့သောငှာ၊ ***(ကောင်းကင်ဘုံမှ ဆင်းသက်ကြွလာတော်မူထသော၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ကညာမာရိဝမ်း၌၊ သန္ဓေတည်တော်မူထသော၊ လူ့ဇာတိကို ယူဆောင်တော်မူထသော)၊** အကျွန်ုပ်တို့အဖို့ ပုန္တိပိလတ်မင်းလက်ထက် ကားတိုင်တင်သော ဒုက္ခဝေဒနာ၌ ကျင်လည်တော်မူထသော၊ သင်္ဂြိုဟ်ခြင်းခံတော်မူထသော၊ ကျမ်းစာတော်လာရှိသည့်အတိုင်း သုံးရက်လည်သောနေ့၌ သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူထသော၊ ကောင်းကင်ဘုံသို့ တက်ကြွတော်မူထသော၊ ခမည်းတော်၏ လက်ျာတော်မှာ စံနေတော်မူ ထသော၊ သေသူရှင်သူတို့ကို စီရင်ဆုံးဖြတ်ခြင်းငှာ၊ ဘုန်းအာနုဘော်တော်နှင့် တစ်ဖန်ကြွလာတော်မူအံ့သော၊ အဆုံးမဲ့နိုင်ငံတော်ကို ပိုင်တော်မူထသော တစ်ပါးတည်းသော အရှင်သခင်ယေရှုခရစ်ကိုလည်း အကျွန်ုပ်ယုံကြည်ပါ၏။

အသက်ပေးတော်မူထသော ခမည်းတော်သားတော်တို့ထံမှ ထွက်ကြွတော်မူထသော၊ ခမည်းတော်၊ သားတော်တို့နှင့်အတူ ချီးမွမ်းကိုးကွယ်ခြင်းကို ခံထိုက်တော်မူထသော၊ ပရောဖက်တို့အားဖြင့် ဗျာဒိတ်တော်ကို လွှင့်တော်မူထသော၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရားကိုလည်း အကျွန်ုပ်ယုံကြည်ပါ၏။

တမန်တော်တို့မှ ဆက်နွယ်ဆင်းသက်၍ တစ်ပါးတည်းသော သန့်ရှင်းသော ကာသိုလဇ်အသင်းတော်ကိုလည်း ယုံကြည်ပါ၏။ အပြစ်ဖြေလွှတ်ခွင့်ရှိသော၊ တစ်ပါးတည်းသော ဗတ္တိဇံမင်္ဂလာကိုလည်း ဝန်ခံပါ၏။ သေသူတို့၏ ရှင်ပြန်ခြင်းကိုလည်းကောင်း၊ တမလွန်ဘဝ၌ အသက်ရှင်ခြင်းကိုလည်းကောင်း အကျွန်ုပ်မျှော်လင့်ပါ၏။ ***အာမင်။***

***(* သခင်ယေရှုဘုရား လူ့ဇာတိခံယူတော်မူခြင်းကိုလေးနက်၍ အဓိပ္ပါယ်ရှိစေရန်အတွက် ဒူးထောက်လိုက ဒူးထောက်နိုင်ရန် 'ကွင်း'ခတ်ဖော်ပြထားသည်။)***



## မေတ္တာပို့ချက်

***(မေတ္တာပို့ချက်ကို ဘုန်းကြီး၊ သို့မဟုတ် သာမန်လူဖြစ်စေ ဦးဆောင်၍ ရွတ်ဆိုရမည်။ မေတ္တာပို့ချက်တစ်လျှောက်လုံး စီရင်သူသည် မတ်တတ်ရပ်ရမည်။ ဦးဆောင်သူနှင့် ပရိသတ် ဒူးထောက်ရမည်။)***

တစ်လောကလုံးရှိ ခရစ်တော်၏အသင်းတော်နှင့် လူသတ္တဝါအားလုံး
လိုအပ်ရာများအသီးသီးရရှိကြစေရန်အတွက်
ဆုတောင်းမေတ္တာပို့သကြကုန်အံ့။

**ဦးဆောင်သူ** ။ ။ လူခပ်သိမ်းတို့အတွက် ဆုတောင်းပဌနာပြု၍ မေတ္တာပို့ကြရမည်ဟု ကိုယ်တော်၏ တမန်တော်ရှင်ပေါလုအားဖြင့် ကျွန်တော်တို့အား သွန်သင်တော်မူ သောကောင်းကင်ဘုံရှင်အဖဘုရား။ ကျွန်တော်တို့သည် သန့်ရှင်းသောကာသိုလဇ်အသင်းတော် အဖို့မေတ္တာပို့ကြပါသည်။ ယင်းသည် သမ္မာတရား၊ စည်းလုံးညီညွတ်ခြင်း၊ တစ်ညီတစ်ညွတ်တည်းတည်နေခွင့်ပြုတော်မူပါမည့် အကြောင်း အသနားတော်ခံကြပါသည်။ သာသနာပိုင်များမှစ၍ သံဃာဆရာများတို့အတွက် အထူးသဖြင့် ကျွန်တော်တို့၏ သာသနာပိုင်ချုပ် (. . . . . . . )၊ ကျွန်တော်တို့၏ သာသနာပိုင် (. . . . . . )၊ ကျွန်တော်တို့၏ ဘုန်းတော်ကြီး(. . . . )တို့ကို ကျန်းမာခြင်း၊ ငြိမ်သက်ခြင်း၊ ဝိညာဉ်တော်၏ ပြည့်ဝသော ဆုကျေးဇူးတော်များကို ပေးသနားတော်မူ၍ စက္ကရမင်တမင်္ဂလာများကို သင့်လျော်မှန်ကန်စွာ ပြုပြင်နိုင်ကြစေရန် မစသနားတော်မူပါ။

**ပရိသတ်** ။ ။ ထာဝရဘုရား ကယ်မသနားတော်မူပါ။
ထာဝရဘုရား ကယ်မသနားတော်မူပါ။
ထာဝရဘုရား ကယ်မသနားတော်မူပါ။

**ဦးဆောင်သူ** ။ ။ တစ်ကမ္ဘာလုံး ငြိမ်သက်ခြင်းရရှိစေခြင်းအလို့ငှါ နိုင်ငံတကာတို့ကို ဖြောင့်မတ်ခြင်းလမ်းစဉ်သို့ ပို့ဆောင်ခြင်းခံစေရန်လည်းကောင်း၊ နိုင်ငံတော်အစိုးရမှစ၍ လက်အောက်ခံအရာရှိတို့ကို ကောင်းချီးမင်္ဂလာဉာဏ်ပညာနှင့် ပြည့်စုံစေတော်မူလျက် ကျွန်တော်တို့၏ အသက်တာတစ်လျှောက်လုံး ငြိမ်သက်စွာနေခွင့်ကို ပြုစေတော်မူပါမည့်အကြောင်း ဆုတောင်းမေတ္တာပို့ကြပါသည်။

ခရစ်တော်၏ ကိုယ်ခန္ဓာ၊ အင်္ဂါအစိတ်အပိုင်းဖြစ်သော ကိုယ်တော်၏ သား၊ သမီးတို့အတွက် ဆုတောင်းမေတ္တာပို့ကြပါ၏။

ခြားနားသော ခေါ်တော်မူခြင်း၊ ခြားနားသောဆုကျေးဇူးစသည်တို့ကိုအသုံးပြု၍ အသင်းတော်တည်ထောင်ရာနှင့် ဧဝံဂေလိတရားတော် နှံ့ပြားစေရန် ကူညီမစတော်မူပါမည့်အကြောင်း အသနားတော်ခံကြပါသည်။

ယခု ဝတ်ပြုကိုးကွယ်လျက်နေကြသော ဤ ပရိသတ်တို့အား ဘုရားတရားကြည်ညိုခြင်း၊ နူးညံ့သိမ်မွေ့သော စိတ်နှလုံးအားဖြင့် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ကြားနာလျက် သန့်ရှင်းစင်ကြယ်ခြင်းနှင့် ဖြောင့်မတ်ခြင်းအားဖြင့် ကိုယ်တော်၏အမှုတော်ကို ထမ်းဆောင်နိုင်ကြစေရန် ဆုကျေးဇူးတော်ကို ပေးသနားတော်မူပါမည့်အကြောင်း အသနားတော်ခံကြပါသည်။

ယုံကြည်ခြင်း လက္ခဏာအားဖြင့် စုတေ့ကြကုန်သောသူတို့ ***(အထူးသဖြင့် ကိုယ်တော်၏ ကျွန်/ကျွန်မ . . . . . . . . . . . . . . . . . . . . . . . . . . . . . )*** သည် သားတော်၏ဝေဒနာတော်အားဖြင့် မကုန်မဆုံးနိုင်သော ဆုကျေးဇူးတော် များရရှိကြသည့်အတွက် ကျေးဇူးတော်ကို ချီးမွမ်းကြပါ၏။



ဤလောကတွင် ကိုယ်တော်၏ပါရမီများကို မိမိတို့အသက်တာ၌ ပြခဲ့ကြကုန်သော ကိုယ်တော်၏သန့်ရှင်းသူများ ***{အထူးသဖြင့် ယနေ့ ကျွန်ုပ် တို့ သတိရသော ရှင်................ (ယနေ့ပွဲနေ့ဆိုင်ရာ သန့်ရှင်းသူအမည်နာမကို ဖော်ပြပါ)}***၏ အသက်တာ၌ထင်ရှားသော ပါရမီများကို ကျွန်တော်တို့ အတုယူကြလျက် သူတို့နှင့်အတူ ကောင်းကင်နိုင်ငံတော်သို့ ဝင်စားရစေရန် အသနားတော်ခံကြပါသည်။

**ပရိသတ်** ။ ။ ခရစ်တော်ဘုရား၊ ကယ်မသနားတော်မူပါ။
ခရစ်တော်ဘုရား၊ ကယ်မသနားတော်မူပါ။
ခရစ်တော်ဘုရား၊ ကယ်မသနားတော်မူပါ။

**ဦးဆောင်သူ** ။ ။ ကျွန်တော်တို့၏ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောများ၊ တိရစ္ဆာန်နှင့် အဏ္ဏဝါမွေးမြူရေးစသည်တို့၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းအားဖြင့် အသီးအပွင့်များကိုခံစားရ၍ နိုင်ငံတော်ဖွံ့ဖြိုးစေရန် ကောင်းကင်ဘုံမှ ကိုယ်တော်၏ ကောင်းချီးမင်္ဂလာအပေါင်းတို့ကို သွန်းလောင်းတော်မူပါမည့်အကြောင်း အသနားတော်ခံကြပါသည်။

မကျန်းမမာသောသူတို့အတွက်၊ **{အထူးသဖြင့် *(အမည်ဖော်ပြပါ)*** }ပကတိကျန်းမာခြင်းသို့ ရောက်စေရန် ဆုတောင်းမေတ္တာပို့သကြပါသည်။

ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း ခရီးသွားလာသောသူများ မိမိတို့လိုရာခရီးသို့ ချောမောစွာ ရောက်ရှိကြစေရန် ဆုတောင်းမေတ္တာပို့ကြပါသည်။

စိတ်ဝမ်းနည်းပူဆွေးနေသူများ၊ ဆင်းရဲနွမ်းပါးသူများ၊ မုဆိုးမ၊ မိဘမဲ့ခလေးများနှင့် အကျဉ်းခံနေရသောသူများအတွက် ဆုတောင်းမေတ္တာပို့ကြပါသည်။

**ပရိသတ်** ။ ။ ထာဝရဘုရား ကယ်မသနားတော်မူပါ။
ထာဝရဘုရား ကယ်မသနားတော်မူပါ။
ထာဝရဘုရား ကယ်မသနားတော်မူပါ။

## ဘုရားနှင့်ပြန်လည် သင့်မြတ်ခြင်း

### နှိုးဆော်ချက်

***(ဘုန်းကြီး၊ သို့မဟုတ် သင်းထောက်သည်ထ၍၊ ပရိသတ်ဘက်လှည့်ပြီး အောက်ပါ နှိုးဆော်ချက်ကိုဆိုပါ။)***

ကိုယ်ပြုမိဖူးသည့် အပြစ်ဒုစရိုက်များကို စင်စစ်သတိသံဝေဂရ၍၊ သူတစ်ပါးတို့အား ချစ်ခြင်းမေတ္တာရှိလျက်၊ ရှေ့သို့ဆက်လက်၍ ဘုရားသခင်၏ ပညတ်တော်များအတိုင်း စောင့်ထိန်းခြင်း၊ တရားတော်လမ်းအတိုင်း လျှောက်လိုက်ခြင်း၊ အသစ်သောအပြုအမူ၌ ကျင်လည်ခြင်းများကိုပြုရန် ကြံရွယ်သဘောထားကြသူတို့၊ ယုံကြည်သောစိတ်နှင့်ချဉ်းကပ်၍ နှစ်သိမ့်ခွင့် ရအံ့သောငှာ၊ ဤစက္ကရမင်တမင်္ဂလာကို ခံယူကြလော့။ ရိုသေစွာပျပ်ဝပ်လျက် အနန္တတန်ခိုးရှင်ဘုရားသခင်ထံတော်၌ ကိုယ်အပြစ်ဒုစရိုက်များကို ဝန်ချတောင်းပန်ကြလော့။

### အပြစ်ဝန်ချချက်

**အားလုံး။** ॥ ခပ်သိမ်းသောအရာကို ဖန်ဆင်းတော်မူ၍ လူအပေါင်းတို့ကို စီရင်ဆုံးဖြတ်တော်မူအံ့သော အရှင်သခင်ယေရှုခရစ်၏ ခမည်းတော်၊ အနန္တတန်ခိုးရှင်အဖဘုရား၊ ကျွန်တော်တို့သည် စိတ်အားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း၊ ကိုယ်အားဖြင့်လည်းကောင်း၊ ကြိမ်ဖန်များစွာ ကိုယ်တော်အား ပြစ်မှားမိသော ဒုစရိုက်အမျိုးမျိုးကို ဝန်ချတောင်းပန်ကြပါ၏။ အမျက်တော်ကို ခံထိုက်ကြပါပြီ။ အမှန်စင်စစ် နောင်တရကြပါပြီ။ မကောင်းမှုများကြောင့် စိတ်ပူပန်ကြပါပြီ။ သတိရတိုင်းပူဆွေးကြပါပြီ။ အပြစ်ဝန်လေးလွန်း၍ မခံနိုင်အောင် ရှိကြပါပြီ။ သနားတော်မူပါ။ ကရုဏာတော်နှင့် ပြည့်စုံတော်မူသောအဖ၊ သနားတော်မူပါ။ ပြစ်မှားမိသော အပြစ်များကို သားတော်မြတ်အရှင်သခင်ယေရှုခရစ်အတွက်ကြောင့် ဖြေ လွှတ်တော်မူပါ။ ရှေ့ကိုဆက်လက်၍ အသစ်သောအပြုအမူ၌ကျင်လည်လျက် အမှုတော်ကို အစဉ်ဆောင်ရွက်၍ ရွှေစိတ်တော်နှင့် တွေ့နိုင်ကြစေခြင်းငှာ၊ အရှင်ယေရှုခရစ်၏ မဟာကုသိုလ်တော်ကို ထောက်ထား၍ မစသနားတော်မူပါဘုရား။ ***အာမင်။***



### အပြစ်ဖြေလွှတ်ချက်

***(ဘုန်းကြီး၊ သို့မဟုတ် သာသနာပိုင်ရှိခဲ့သော်၊ သာသနာပိုင်သည်ထ၍၊ ပရိသတ်များဘက်သို့လှည့်ပြီး အောက်ပါအပြစ်ဖြေလွှတ်ချက်ကိုဆိုပါ။)***

စင်စစ်နောင်တရ၍ ကိုယ်တော်ကိုမုချယုံကြည်ဆည်းကပ်သူ ခပ်သိမ်းတို့အား အပြစ်ဖြေလွှတ်တော်မူမည်ဟု မဟာကရုဏာတော်အတိုင်း ကတိထားတော်မူသော အနန္တတန်ခိုးရှင်အဘဘုရားသခင်သည် အရှင်ယေရှုခရစ်အတွက်ကြောင့် ပရိသတ်တို့ကို ကယ်မသနားတော်မူပါစေသော။ အပြစ်လွှတ်ခွင့်လည်း ပြုတော်မူပါစေသော။ ပါရမီအမျိုးမျိုးတိုးပွါးစေ၍ ခိုင်ခံ့မြဲမြံခွင့်လည်း ပြုတော်မူပါစေသော။ထာဝရအသက်သို့လည်းဝင်စားခွင့်ပြုတော်မူပါစေသော။
**ပရိသတ်** ॥ ॥ ***အာမင်။***

### နှစ်သိမ့်ဖွယ်ရာစကားများ

**အရှင်ယေရှုခရစ်၏ နှစ်သိမ့်ဖွယ်သော ဗျာဒိတ်တော်ကို နာခံကြလော့။**

ပင်ပန်းသူ၊ ဝန်လေးသူအပေါင်းတို့ ငါ့ထံလာကြလော့၊ ငါသည်ချမ်းသာစေမည်။ **(မဿဲ ၁၁း၂၈)**

ဘုရားသခင်သည် သားတော်ကို ယုံကြည်သူတိုင်း မပျက်စီးဘဲ၊ ထာဝရအသက် ရစေခြင်းငှာ ဧကပုတ္တသားတော်ကို အပ်ပေးသည့်တိုင်အောင်၊ ဤလောကသားတို့အား မေတ္တာသက်တော်မူ၏။ **(ယော ၃း၁၆)**

**ရှင်ပေါလု၏ နှစ်သိမ့်ဖွယ်ရာစကားကိုလည်း နားထောင်ကြဦးလော့။**

ခရစ်တော်ယေရှုသည် အပြစ်သားတို့ကို ကယ်တင်ခြင်းငှာ ဤလောကသို့ ကြွလာ တော်မူသည်။ **(၁တိ ၁း၁၅)**

**ရှင်ယောဟန်၏နှစ်သိမ့်ဖွယ်ရာစကားကိုလည်း နားထောင်ကြဦးလော့။**

မည်သူမဆို ပြစ်မှားမိလျှင် ငါတို့အပြစ်များမက တစ်လောကလုံး၏ အပြစ်ပြေရာ ပြေကြောင်းဖြစ်သည့် ဖြောင့်မတ်တော်မူသော ယေရှုခရစ်သည် ခမည်းတော့်အပါးတွင် ငါတို့ အမှုဆောင်အဖြစ် တည်တော်မူ၏။
**(၁ယော ၂း၂)**

**ကြေညာချက်များ။** ***(ခွင့်ပြုထားသောကြေညာချက်များကိုကြေညာရန်)***

**လှူဒါန်းခန်း**

**ဘုန်းကြီး** ။ ။ ထာဝရဘုရားသခင်ထံ ပူဇော်ရာသက္ကာများကို ကြောက်ရွံ့ရိုသေစွာဖြင့် ဆက်ကပ်လှူဒါန်း ကြကုန်အံ့။

## ဆက်ကပ်ခြင်းဆိုင်ရာကျမ်းချက်များ

သင်တို့၏ကောင်းမှုများကိုမြင်၍ ကောင်းကင်ဘုံစံ သင်တို့အဘ၏ဘုန်းတော်ကို ချီးမြှောက်ကြစေရန် ကိုယ့်အလင်းကို လူတို့ရှေ့ လင်းစေကြလော့။ **(မဿဲ ၅း၁၆)**

ကိုယ်ကိုပြုစေလိုသမျှအတိုင်း သူတစ်ထူးတို့အားပြုကြလော့။ ဤသည်ကား ပညတ္တိကျမ်း၊ ပရောဖက်ကျမ်းများအလိုတည်း။ **(မဿဲ ၇း၁၂)**

ငါ့ကိုအရှင်ဘုရား၊ အရှင်ဘုရားဟုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရမည် မဟုတ်။ ကောင်းကင်ဘုံစံငါ့ခမည်းတော်၏ အလိုကိုဆောင်ရွက်သူသာလျှင် ဝင်ရလိမ့်မည်။ **(မဿဲ ၇း၂၁)**

ခံယူခြင်းထက် ပေးကမ်းခြင်း၌ မင်္ဂလာရှိသည်ဟု အရှင်ယေရှုကိုယ်တော်တိုင် မိန့်တော်မူချက်ကို အောက်မေ့ကြလော့။ **(တမန် ၂၀း၃၅)**

ယုံကြည်ခြင်းတရားဆိုင်ရာ အိမ်သူအိမ်သားတို့မှစသောသူခပ်သိမ်းတို့အား အခါအခွင့် ရရှိသည့်အတိုင်း ကျေးဇူးပြုကြကုန်အံ့။ **(ဂလာ ၆း၁၀)**

ကိုယ်တော်၏တဲတော်၌ ရှင်လန်းရာပူဇော်သက္ကာများကို ဆက်သလျက် ထာဝရဘုရားအား ကျူးဇဖွဲ့ဆိုမည်။ **(ဆာလံ ၂၇း၆)**

ငါ့ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းခြင်းကို ပူဇော်လျက် မြင့်မြတ်သောဘုရားရှေ့ သစ္စာဝတ်များကို ဖြေလော့။ **(ဆာလံ ၅၀း၁၄)**

ထာဝရဘုရား၏နာမတော်သည် ဘုန်းကြီးတော်မူကြောင်း ဝန်ခံကြလော့။ ပူဇော် သက္ကာပါလျက် တံတိုင်းတော်များအတွင်းဝင်ကြလော့။ **(ဆာလံ ၉၆း၈)**



**အဒ်ဝင်တ္တု** ။ ။ အိုသတို့သမီးဇိအုန်၊ အားရရွှင်လန်းလော့။ အိုသတို့သမီးယေရုရှလင်၊ ကြွေးကြော်လော့။ အောင်မြင်ကယ်တင်ရာ သက်ရောက်လျက် စိတ်နှိမ့်ချသော သင်၏ဘုရင်မင်းသည် မြည်းမ၏သားငယ် မြည်းပေါ်တွင် စီးကြွသည်တကား။ **(ဇာခရိ ၉း၉)**

**ခရစ္စမတ်** ။ ။ ငါတို့အဖို့သူငယ်ကိုဖွားစေ၍ သားကိုပေးသနားတော်မူသည်။ **(ဟေရှာ ၉း၆)**

**ဧပိဖနိ** ။ ။ ရှေ့တော်၌ ဘုရင်မင်းရှိသမျှတို့ ပျပ်ဝပ်၍ ခပ်သိမ်းသောလူမျိုးတို့သည် ဖဝါးကျွန်ဖြစ်ကြပါစေသော။ **(ဆာလံ ၇၂း၁၁)**

**ပြာဗုဒ္ဓဟူးနှင့် ဝါတွင်း** ။ ။ ကျေးဇူးပြုသောသဘော၊ သနားသောသဘော၊ စိတ်ရှည်သောသဘော၊ ကရုဏာကြွယ်ဝသော သဘော၊ ပေးအံ့သောဘေးမှ ပြောင်းလဲသောသဘောနှင့်ပြည့်စုံတော်မူသော သင်တို့ဘုရားသခင် ထာဝရဘုရားထံ အဝတ်ကိုမဟုတ်၊ စိတ်နှလုံးကို ဆုတ်လျက် ပြန်လာကြလော့။ **(ယောလ ၂း၁၃)**

**ဝေဒနာအပတ်*(Holy Cross)*** ။ ။ အကျွန်ုပ်သည် ကဲ့ရဲ့ခြင်းကြောင့် စိတ်ကြေမွလျက် ပူဆွေးပါ၏။ သနားမည့်သူကို ကြည့်၍ မမြင်၊ စာနာမည့်သူကို ရှာ၍ မတွေ့ပါ။ **(ဆာလံ ၆၉း၂၀)**

**အီစတာမတိုင်မီကြာသပတေး** ။ ။ စိမ်းလန်းသောစားကျက်များ၌ ငါ့ကိုဝပ်နေစေ၍ ငြိမ်သက်ရာမြစ်ရေ ချောင်းရေများအနီး ဆောင်သွားတော်မူ၏။ **(ဆာလံ ၂၃း၂)**

**အီစတာ** ။ ။ မုချအားဖြင့် ခရစ်တော်သည် အိပ်ပျော်သူတို့အနက် ကောက်ဦးအဖြစ် သူသေတို့အထဲမှ ရှင်ပြန်ထမြောက်တော်မူပြီ။ ဟာလေလုယာ။ **(၁ကော ၁၅း၂၀)**

**ရှိဂေးရှင်း** ။ ။ ငါကေန်အမှန်ဆိုသည်ကား ခမည်းတော်ထံမည်သည်ကိုမဆို သင်တို့ တောင်းလျှောက်လျှင် ငါ့နာမ၌သနားတော်မူလိမ့်မည်။ **(ယောဟန် ၁၆း၂၃)**

**တက်ကြွတော်မူခြင်း**။ ။ ကိုယ်တော်သည် သုံ့ပန်းရာကို သုံ့ပန်းလျက်၊ မြင့်ရာသို့ တက်ကြွ၍ လူတို့အား ဆုများကို ချပေးတော်မူသည်ဟု ဗျာဒိတ်တော်ရှိ၏။ ဟာလေလုယာ။ **(ဧဖက် ၄း၈)**

**ဝဓ္ဓင်** ။ ။ ထိုနောက်လူအပေါင်းတို့အပေါ်သို့ ဝိညာဉ်တော်ကို ငါသွန်းလောင်းသဖြင့် သင်တို့ သားသမီးများသည် တရားဟောလျက်၊ လူအိုတို့သည် အိပ်မက်လျက်၊ လူပျိုတို့သည် ရူပါရုံမြော်မြင်လျက် နေရကြလတံ့။ ဟာလေလုယာ။ **(ယောလ ၂း၂၈)**

**ဤြိနတိ** ။ ။ အိုထာဝရဘုရား၊ နာမတော်ကိုခန့်ညားခြင်း၊ ချီးမွမ်းခြင်းမပြုဘဲ နေဝံ့သူကား မည်သူပါနည်း။ ကိုယ်တော်သာလျှင် သန့်ရှင်းလျက် ဖြောင့်မတ်မှုတော်များ ထင်ရှားပြီးဖြစ်၍ လူမျိုးရှိသမျှသည် ရှေ့တော်သို့ဝင်ရောက် ရှိခိုးကြလတံ့ဟု သီဆိုကြ၏။ **(ဗျာဒိတ် ၁၅း၄)**

**အိမ္ဘာနေ့၊ သိက္ခာတင်ခြင်း**။ ။ ရိတ်သိမ်းရန်စပါးသည် များလှ၏။ လုပ်သားမူကားနည်းလေစွ။ သို့ဖြစ်၍ စပါးတော်ရှိရာသို့ လုပ်သားတို့ကိုစေလွှတ်တော်မပါမည့်အကြောင်း စပါးရှင့်ထံပဌနာပြုကြလော့။ **(လု ၁၀း၂)**

**ရောင်ခြည်တော်လွှတ်ခြင်း**။ ။ ငါတို့ရှိသမျှသည် အရှင်ဘုရား၏ဘုန်းတော်ကို ဝိညာဉ်တော် အရှင်ဘုရားအထံတော်မှ ခံရသည့် အလျောက် အဖုံးမဆင်ယင်သော မျက်နှာများဖြင့် မှန်ရိပ်သဖွယ်ပြလျက် ဘုန်းတော်အဆင့်ဆင့်သို့ရောက်၍ ပုံသဏ္ဌာန်တော် အလိုက် အဆင်းပြောင်းရကြ၏။ **(၂ကော ၃း၁၈)**



**ခရစ်တော်ဘုရင်မင်းဘွဲ့ခံပွဲနေ့**။ ။ ဤလောကနိုင်ငံကို ငါတို့အရှင်နှင့် ဘိသိက်တော်ခံမင်းသည် ပိုင်ရလေပြီ။ ကမ္ဘာအဆက်ဆက် စိုးစံတော်မူလိမ့်မည်ဟု ကောင်းကင်ဘုံ၌ ကျယ်သော မြွက်ဆိုသံများကို ငါကြားရ၏။ **(ဗျာဒိတ် ၁၁း၁၅)**

**သန့်ရှင်းသူများပွဲနေ့** ။ ။အိုထာဝရဘုရား၊ အမှုအရာတော်ဟူသမျှသည် ကျေးဇူးတော်ကို ချီးမွမ်းလျက်၊ ကြည်ညိုသူတို့သည် ဩဘာဆက်လျက် ရှိကြပါ၏။ **(ဆာလံ ၁၄၅း၁၀)**

**ဝိညာဉ်အပေါင်းပွဲနေ့**။ ။ ယခုကစ၍ အရှင်ဘုရား၌ သေလွန်သူတို့ မင်္ဂလာရှိသည်ကို ရေးသားလော့ဟု ကောင်းကင်ဘုံမှ အမိန့်သံကို ငါကြားရ၏။ ဝိညာဉ်တော်ကလည်း ထိုသူတို့သည် အလုပ်ဝန်ပြီးစီးငြိမ်းချမ်း၍ အကျိုးဆက်ထက်ကြပ်ပါသည့်အရာ၌ ထိုသို့မှန်ပေသည်ဟု မြွက်ဆိုတော်မူ၏။ **(ဗျာဒိတ် ၁၄း၁၃)**

**အနုမောဒနာပွဲ**။ ။ ဤဗိမာန်တော်ဆိုင်ရာ နောက်အသရေသည် အထက်အသရေထက် ကြီးမြတ်လိမ့်မည်ဟူ၍ လည်းကောင်း၊ ဤဌာန၌ ချမ်းသာစေမည်ဟူ၍ လည်းကောင်း၊ ဗိုလ်ခြေတို့အရှင်ထာဝရဘုရား မိန့်တော်မူကြောင်းများကို ဆင့်ဆိုလော့ဟူ၍တည်း။ **(ဟဂ္ဂဲ ၂း၉)**

## စက္ကရမင်တမင်္ဂလာအခန်း

**စမ္မသီချင်း။ ။**

***(စမ္မသီချင်းသီဆိုစဉ် ပွဲတော်မင်္ဂလာစီရင်သည့်ဘုန်းကြီးသည် မုန့်နှင့်စပျစ်ရည်ကို လုံလောက်စွာယူ၍ စက္ကရမင်တမင်္ဂလာအဖို့ ပြင်ဆင်ရမည်။ ထို့နောက် အလှူငွေနှင့် ပြင်ဆင်ထားသော မုန့်နှင့်စပျစ်ရည်တို့ကို ဆက်ကပ်ရမည်။)***

**ဘုန်းကြီး။** ။ ဆုတောင်းကြကုန်အံ့။

**အားလုံး ။** ။ သန့်ရှင်းသောကောင်းကင်တမန်များ၏ ကိုးကွယ်ခိုလှုံခြင်းကို အစဉ်ခံယူတော်မူသည့် တစ်လောကလုံး၏ဖန်ဆင်းရှင် အိုထာဝရဘုရား၊ ရှိရှိသမျှသည် ကိုယ်တော်ထံမှဖြစ်၍ ကိုယ်တော်ပိုင်ကိုသာလျှင် ကျွန်တော်တို့ ဆက်ကပ်ကြပါသည်။ ယခု ကျွန်တော်တို့လှူဒါန်းကြသော (ဒါနမှစ၍) ပူဇော်ရာသက္ကာများနှင့် အမှုတော်မြတ်ဆောင်ရွက်ကြစေရန် ဆက်သကြသော ကျွန်တော်တို့ကို လက်ခံတော်မူပါမည့်အကြောင်း အရှင်ယေရှုခရစ်ကိုအမှီပြု၍ အသနားတော်ခံကြပါသည် မြတ်စွာဘုရား။ ***အာမင်။***

***(ဘုန်းကြီးသည် ပရိသတ်ဘက်သို့လှည့်ကာ ဤသို့ဆိုရမည်။)***

### သန့်ရှင်းစေတော်မူခြင်း

**ဘုန်းကြီး ။** ။ ထာဝရဘုရားသည် ပရိသတ်တို့နှင့်အတူရှိတော်မူပါစေသော။

**ပရိသတ် ။** ။ ဆရာတော်နှင့်လည်းအတူရှိတော်မူပါစေသော။

**ဘုန်းကြီး ။** ။ စိတ်ကိုတင်မြှောက်ကြလော့။

**ပရိသတ် ။** ။ ဘုရားသခင်ထံတင်မြှောက်ကြပါ၏။

**ဘုန်းကြီး ။** ။ အရှင်ထာဝရဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြကုန်အံ့။

**ပရိသတ် ။** ။ ချီးမွမ်းထောမနာပြုရန် ထိုက်တန်လှပါ၏။



***(ဘုန်းကြီးသည် ပလ္လင်တော်ဘက်လှည့်ကာ ရွတ်ဆိုရမည်မှာ)***

**ဘုန်းကြီး ။** ။အနန္တတန်ခိုးရှင်အဖဘုရားသခင် ဖန်ဆင်းတော်မူခြင်း၌ ပါဝင်သော နှုတ်ကပတ်တော်အားဖြင့် ကျွန်တော်တို့အပေါ်သို့ သက်ရောက်သောအမင်္ဂလာကို နှုတ်ပယ်တော်မူလျက် အသင်းတော်ကို မိမိခင်ပွန်းသဖွယ်ရွေးချယ်တော်မူ၍ မိမိကိုယ်ပိုင်ဖြစ်စေရန် လူစင်စစ်အဖြစ် လူ့ဇာတိကို ယူဆောင်တော်မူပြီး ကျွန်တော်တို့ဘောင်တွင် စံနေတော်မူသောကြောင့် ကျေးဇူးတော်ကို ချီးမွမ်းခြင်းသည်ကား အလွန်ထိုက်တန်သော ဝတ္တရားဖြစ်ပါ၏။

***(ဤနေရာတွင် အချိန်အခါအလိုက် နိဒါန်းထူးကိုထည့်၍ ရွတ်ဆိုပါ။ မရှိခဲ့သော် ဘုန်းကြီးသည် ဆက်လက်ရွတ်ဆိုပါလေ။)***

သို့ဖြစ်၍ စရာဖင်နှင့် ခေရုဗင်တို့နှင့်အတူတကွ ကျွန်တော်တို့လည်း ရဲရင့်ခြင်း၊ မျှော်လင့်ခြင်းအသံနှင့် ရွတ်ဆိုကြသည်မှာ-

***(ဘုန်းကြီးနှင့်ပရိသတ်အတူတကွဆိုပါ)***

ကောင်းကင်ဗိုလ်ခြေတို့၏ အရှင်ထာဝရဘုရားသည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ ကောင်းကင်နှင့်မြေကြီးသည် ဘုန်းတော်နှင့် ပြည့်လျက်ရှိပါ၏။ အထွဋ်အမြတ်ဆုံးသော ထာဝရဘုရား၊ ဘုန်းတော်ထင်ရှားပါစေသော။ **အာမင်။** ထာဝရဘုရား၏ နာမတော်နှင့် ယခုကြွလာတော်မူသောအရှင်သည် မင်္ဂလာရှိစေသတည်း။ **ဟောရှဏ္ဏာ။**

## နိဒါန်းထူးများ

### အဒ်ဝင်တ့တနင်္ဂနွေမှ ခရစ္စမတ်အဖိတ်နေ့အထိ

အထူးဆိုသော် နှိမ့်ချခြင်းကြီးစွာဖြင့် ကြွလာတော်မူလျက် ချစ်ခြင်း၊ မြတ်နိုးတော်မူသောသားတော်အားဖြင့် လူသတ္တဝါတို့အား ကယ်တင်ခြင်းပေးတော်မူလျက် လောကကိုမျှတစွာ တရားစီရင်ဆုံးဖြတ်ရန် ဘုန်းတန်ခိုးတော်ဖြင့် ပြန်လည်ကြွလာတော်မူသောအခါ အရာခပ်သိမ်းကို အသစ်ဖြစ်စေတော်မူမည်ဖြစ်သောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ်သင့်ပါ၏။

### ခရစ္စမတ်ပွဲနေ့မှ ဧပိဖနိပွဲ အဖိတ်နေ့အထိ၊ မယ်တော်မာရိအား သတင်းတော်ကြားပြောခြင်းပွဲနေ့ နှင့် အခြားမယ်တော်မာရိနှင့်ဆိုင်သောပွဲနေ့များ

အထူးဆိုသော် တစ်ပါးတည်းသောသားတော် အရှင်ယေရှုခရစ်သည် ကျွန်တော်တို့ကို အပြစ်ခပ်သိမ်းမှကင်းစင်စေရန် သန့်ရှင်းသောဝိညာဉ်တော် ပြုပြင်တော်မူခြင်းဖြင့် အပြစ်တစ်စွန်းတစ်စမျှ မကပ်ငြိဘဲ၊ ကညာမာရိ၏ဇာတိမှ လူ့အဖြစ်ကိုခံယူ၍ ဖွားမြင်တော်မူသောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ် သင့်ပါ၏။

### ဧပိဖနိပွဲနှင့် နောက်ခုနစ်ရက်

အထူးဆိုသော် အရှင်ယေရှုခရစ်သည် လူခပ်သိမ်းတို့ကို မှောင်မိုက်ထဲမှ အံ့ဖွယ်သော အလင်းထဲသို့ ပို့ဆောင်တော်မူရန် လူ့ဇာတိကို ယူဆောင်တော်မူခြင်းဖြင့် ဘုန်းတော်ထင်ရှားစေတော်မူသောကြောင့် ကျေးဇူးတော် ချီးမွမ်းဖွယ်သင့်ပါ၏။

### ပြာဗုဒ္ဓဟူးနေ့မှ ဝေဒနာတနင်္ဂနွေအဖိတ်နေ့အထိ

အထူးဆိုသော် အရှင်ခရစ်တော်သည် ကျွန်တော်တို့အတွက် ရက်ပေါင်းလေးဆယ် နေ့ညဉ့်ပတ်လုံး အစာရှောင်တော်မူလျက် အပြစ်မရှိသော်လည်း ကျွန်တော်တို့ကဲ့သို့ပင် အဘက်ဘက် စုံစမ်းခံတော်မူခြင်းအားဖြင့် စုံစမ်းခြင်းခံရသောအခါ ကျွန်တော်တို့သည် ယုံကြည်ခြင်း၌ မာရ်နတ်ကို ရပ်ခံနိုင်မည်ဖြစ်သောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ်သင့်ပါ၏။

### ဝေဒနာ၊ အောင်ပန်းတနင်္ဂနွေနှင့် သန့်ရှင်းသောကားတိုင်ပွဲနေ့

အထူးဆိုသော် ခရစ်တော်သည် လူ၏ပုံကိုဆောင်လျက် ကိုယ်ကိုနှိမ့်ချ၍ ကားတင် သေဒဏ်ခံခြင်းတိုင်အောင် လိုက်နာခြင်းအားဖြင့် မြေကြီးပေါ်၌ မြှောက်ထားခြင်းခံရသောအခါ လူအပေါင်းတို့ကို ကိုယ်တော်ထံ ဆွဲယူမည်ဖြစ်သောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ် သင့်ပါ၏။



### အီစတာပွဲမတိုင်မီကြာသပတေးနေ့

အထူးဆိုသော် အရှင်ယေရှုခရစ်သည် ဤလောက၌ ချစ်ခင်သော မိမိပိုင်ဆိုင်သူတို့ကို စုံလင်စွာချစ်တော်မူ၍ အသေခံတော်မူခြင်းဖြင့် အပြစ်လွတ်ခွင့်၊ ရှင်ပြန်တော်မူခြင်းဖြင့် အသက်ရှင်ခွင့်ကို ကျွန်တော်တို့အားရ ရှိစေလျက် ဘုရားဇာတိတော်ကို ဆက်ဆံရကြစေခြင်းငှာ အသေမခံမီ နောက်ဆုံးညဉ့်တွင် တပည့်တော်ရင်းတို့နှင့် အတူစားတော်ခေါ် စဉ် ဤနက်နဲရာများကို စီရင်တော်မူခဲ့သောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ်သင့်ပါ၏။

### အီစတာနေ့မှ တက်ကြွခြင်းအဖိတ်နေ့အထိ

အထူးဆိုသော်ပသခါသိုးငယ်တော်စစ်အဖြစ်ဖြင့် ကျွန်တော်တို့အဖို့ ပူဇော်ခြင်းခံ၍ ဤလောကသားတို့၏ အပြစ်ကိုဆောင်သွားတော်မူသော သားတော်မြတ်အရှင်ယေရှုခရစ်သည် အသေခံခြင်းဖြင့် မဖျက်မာန်သေခြင်းကို အောင်မြင်တော်မူပြီး၍ ဘုန်းတန်ခိုးတော်နှင့် ရှင်ပြန်ထမြောက်ခြင်းဖြင့် ထာဝရအသက်ကို ပြန်ပေးတော်မူသောကြောင့် ကျေးဇူးတော် ချီးမွမ်းဖွယ်သင့်ပါ၏။

### တက်ကြွခြင်းပွဲနေ့မှ ဝိဿုင်ပွဲအဖိတ်နေ့အထိ

အထူးဆိုသော် ချစ်သားတော်မြတ်အရှင်ယေရှုခရစ်သည် သေခြင်းမှ ရှင်ပြန်ထမြောက်၍ တမန်တော်တို့မျက်မှောက်တွင် ကောင်းကင်ဘုံသို့ တက်ကြွတော်မူပြီးလျှင် ကိုယ်တော်တိုင် စံနေတော်မူရာသို့ ကျွန်တော်တို့လည်းတက်ရောက်၍ အပါးတော်တွင် စိုးစံခွင့်ရရှိကြစေရန် နေရာကို ပြင်ဆင်တော်မူသောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ်သင့်ပါ၏။

### ဝိဿုင်ပွဲနေ့နှင့်နောက်ခြောက်ရက်

အထူးဆိုသော်၊ အရှင်ယေရှုခရစ်သည် ကောင်းကင်ဘဝဂ်သို့ တက်ကြွပြီးနောက် ယာဘက်တော်၌ စံနေတော်မူ၍ ဘုန်းတန်ခိုးတော်ကြောင့် တစ်လောကလုံးသည် ဝမ်းမြောက်ဖွယ်သတင်းတော်နှံ့ပြားစေရန် အသက်ပေးပိုင်ရှင်၊ သန့်ရှင်းသောဝိညာဉ်တော်ကို အသင်းတော်သို့ စေလွှတ်တော်မူသဖြင့် ကျွန်တော်တို့သည် မောဟနှင့်ကင်းလွတ်ရန် အလင်းတော်သို့ ရောက်လျက် ကိုယ်တော်နှင့် သားတော်မြတ်ကို သိကျွမ်းခွင့်ရကြသောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ်သင့်ပါ၏။

## တြိနတိပွဲနေ့

အထူးဆိုသော်၊ ကိုယ်တော်၏ဘုန်းဂုဏ်တော်ကို ကျွန်တော်တို့ဝန်ခံကြသည့်နည်းတူ သားတော်နှင့် ဝိညာဉ်တော်တို့၏ ဘုန်းဂုဏ်တော်ကိုလည်း ယုံကြည်၍ ခြားနားနိမ့်မြင့်ခြင်းမရှိကြောင်း ဝန်ခံရကြသည့်အလျောက် ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်တည်းဟူသော တြိနတိအဖြစ်ဖြင့် ဘုရားတစ်ဆူတည်း တည်တော်မူသောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ်သင့်ပါ၏။

## အိမ္ဘာနေ့နှင့် သိက္ခာတင်ပွဲနေ့များ

အထူးဆိုသော် သန့်ရှင်းသောဝိညာဉ်တော်ကို ကတိထားတော်မူခဲ့သည့်အတိုင်း ခရစ်တော်သည် လူတို့အားသွန်သင်၍ သမ္မာတရားအလုံးစုံသို့ ပို့ဆောင်တော်မူလျက် လူမျိုးတကာတို့အား ဧဝံဂေလိတရားတော်ကို ဟောပြောစေတော်မူခြင်းအားဖြင့် ကျွန်တော်တို့၏ မှောင်မိုက်အကျင့်တန်ဆာများမှ အလင်းဆိုင်ရာ ခမည်းတော် ဘုရားသခင်နှင့် သားတော်တို့အား သိကျွမ်းခြင်းအဖြစ်သို့ ရောက်စေမည်ဖြစ်သောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ်သင့်ပါ၏။

## သန့်ရှင်းသူအပေါင်းတို့ပွဲနေ့နှင့် ခုနစ်ရက် သန့်ရှင်းသူအသီးသီးတို့ပွဲနေ့များ

အထူးဆိုသော်၊ ထူထပ်သောသက်သေခံတို့ ဝန်းဝိုင်းလျက် ကျွန်တော်တို့သည် ကိုယ့်တာကို တည်ကြည်စွာပြေးကြပြီးလျှင် သန့်ရှင်းသူတို့နှင့်တကွ မညှိုးမနွမ်းသောဘုန်းသရဖူကို ရစေခြင်းငှာ ထိုသူတို့ဆည်းပူးခဲ့ကြသော ပါရမီအမျိုးမျိုးအားဖြင့် ပုံသက်သေကိုလည်းကောင်း၊ စံစားနေကြသော သုခအားဖြင့် ခေါ်ထားတော်မူသူတို့မျှော်လင့်ရသော ချမ်းသာခြင်းကိုလည်းကောင်း ကျွန်တော်တို့အား ဖော်ပြတော်မူသောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ်သင့်ပါ၏။



## ဘုရားရှိခိုးကျောင်းအနုမောဒနာပြုခြင်းနှစ်ပတ်လည်၊ သို့မဟုတ် အနုမောဒနာပြုခြင်းပွဲ

အထူးဆိုသော် ကောင်းကင်အထပ်ထပ်မှာပင် မဆန့်သည့်တိုင်အောင် ဘုန်းတော်ကြီးမြတ်တော်မူသော်လည်း၊ ဤလောကတွင် ကိုယ်တော်အား ကိုးကွယ်ဝတ်ပြုရန်နေရာများကို သီးသန့်ကြရာသို့ ကြွရောက်တော်မူလျက်၊ သစ္စာနှင့်ဝတ်ပြုသူတို့ကို ကောင်းချီးမင်္ဂလာအဖြာဖြာ သွန်းလောင်းတော်မူသောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ်သင့်ပါ၏။

## နိဒါန်းထူးများဆိုရန်မရှိသော တနင်္ဂနွေနေ့များအတွက်

အထူးဆိုသော် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့် ကိုယ်တော်၌ အသက်ရှင်ကြစေရန် ခုနစ်ရက်တွင် ပထမနေ့ နံနက်စောစောသေခြင်းမှ ရှင်ပြန်ထမြောက်သောကြောင့် ကျေးဇူးတော်ချီးမွမ်းဖွယ်သင့်ပါ၏။

## ပွဲတော်မင်္ဂလာဝတ်ဆိုင်ရာပဌနာ သန့်ရှင်းစေခြင်းပဌနာ

သန့်ရှင်းခြင်း၊ ဖြောင့်မတ်ခြင်း၊ သနားခြင်းကျေးဇူးတော်အပေါင်းနှင့်ပြည့်စုံတော်မူသောအဖဘုရား။ အစအဦး၌ ကိုယ်တော်သည် ကျွန်တော်တို့ကို ဂရုပြု၍ နှစ်သိမ့်ခြင်းပေး တော်မူခဲ့ပါသည်။ ပြိုလဲကျဆုံးသော လူသားများအတွက် ပညတ်တရားနှင့် ယဇ်ပူဇော်သက္ကာကို ပေးတော်မူ၍၊ အချိန်ကာလရောက်သောအခါ၊ လူသားတို့၏ အပြစ်ဒုစရိုက်များကို ပယ်ရှင်းရန် တစ်ပါးတည်းသောသားတော်ကို ရွေးနုတ်ကယ်တင်ရှင်အဖြစ် ပေးသနားတော်မူ၏။

သန့်ရှင်းသော အပျိုကညာမာရိမှ လူ့ဇာတိကိုယူဆောင်၍ ဘုရားစင်စစ်၊ လူစင်စစ် ဖြစ်တော်မူသဖြင့် ပုထုဇဉ်လူသားများခံရသော စုံစမ်းနှောင့်ယှက်ခြင်းအမျိုးမျိုးကို ခံတော်မူ၍ အပြစ်မှအပ လူသားကဲ့သို့ အသက်ရှင်လျက် ကိုယ်တော်ရှင်သည် အလိုတော်အလျောက် ကားတိုင်တော်သို့ ရှေ့ရှုလျှောက်

သွားတော်မူပြီးလျှင် အသေခံတော်မူသောကြောင့် ကျွန်တော်တို့ကို ကယ်တင်ရန် တစ်ကြိမ်တည်း ပြည့်ဝစုံလင်သော ပူဇော်သက္ကာကို ဆက်ကပ်တော်မူ၏။

အရှင်ယေရှုသည် ပို့အပ်ခံရသောညဥ့်၌ မုန့်ကိုယူ၍ ✠ကျေးဇူးတော်ကိုချီးမွမ်းပြီးလျှင် ဖဲ့တော်မူလျက် ✠✠ဤသည်ကား သင်တို့အဖို့စွန့်သော ငါ့ကိုယ်ခန္ဓာတည်း။ ငါ့ကို သတိရခြင်းငှာ ဤသို့ပြုကြလော့ဟု မိန့်တော်မူ၏။

ထိုနည်းတူ အာဟာရသုံးပြီးနောက် ဖလားတော်ကိုယူ၍ ✠✠ဤဖလားကား ငါ့အသွေးဖြင့်ဖွဲ့သော ပဋိညာဉ်တော်သစ်တည်း။ သင်တို့သောက်တိုင်း ငါ့ကိုသတိရခြင်းငှာ ဤသို့ပြုကြလော့ဟု မိန့်တော်မူ၏။ ***အာမင်။***

အရှင်ယေရှုခရစ်၏ အသေခံတော်မူခြင်းကို သတိရခြင်း၊ ရှင်ပြန်ထမြောက်တော်မူခြင်းကို ကြေညာခြင်း၊ ဘုန်းတော်နှင့်ကြွလာတော်မူခြင်းကို စောင့်မျှော်ခြင်းအားဖြင့် ဤပူဇော်သက္ကာတို့ကို ဆက်ကပ်ကြပါသည်အဖဘုရား။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားကို ကျွန်တော်တို့နှင့် ဤပူဇော်သက္ကာများအပေါ်သို့ စေလွှတ်ပေးသနားတော်မူပါ။ ဤပွဲတော်ခံယူသူကျွန်တော်တို့သည် သခင်ယေရှုခရစ်၌ တစ်လုံးတစ်ဝတည်းဖြစ်လျက် အသက်ရှင်သော ပူဇော်သက္ကာဖြစ်စေတော်မူပါ။

ကိုယ်တော်အားဖြင့်၊ ကိုယ်တော်နှင့်အတူ၊ ကိုယ်တော်၌ သန့်ရှင်းသောဝိညာဉ်ဖြင့် တစ်လုံးတစ်ဝတည်းဖြစ်စေတော်မူပါ။ ဘုန်းတော်၊ ဂုဏ်တော်နှင့် ကမ္ဘာအဆက်ဆက် စိုးစံတော်မူသော ခမည်းတော်ဘုရား။ ***အာမင်။***

**ဘုန်းကြီး** ။ ။ ကိုယ်တော်၏ငြိမ်သက်ခြင်းသည် ပရိသတ်တို့နှင့်အတူရှိတော်မူပါစေသော။

**ပရိသတ်** ။ ။ ဆရာတော်နှင့်လည်းအတူ ရှိတော်မူပါစေသော။



*(ဘုန်းကြီးနှင့်ပရိသတ်တို့သည် ဒူးထောက်လျက် နှိမ့်ချစွာ ချဉ်းကပ်ခြင်းပဌနာကိုဆိုပါ)*

### ချဉ်းကပ်ခြင်းပဌနာ

**အားလုံး** ။ ။ ကျွန်တော်တို့သည် ကိုယ်ဖြောင့်မတ်ခြင်းကိုအားကိုး၍ စားပွဲတော်သို့ချဉ်းကပ်ရန်မဝံ့ဘဲ၊ ကရုဏာတော်အနန္တကိုသာ အားကိုးလျက် ချဉ်းကပ်ဝံ့ကြပါသည်မြတ်စွာဘုရား။ စားပွဲတော်အောက်၌ ကျသော စားနုပ်စားပေါက်ကိုမျှ ကျွန်တော်တို့သည် ကောက်ယူ ထိုက်သူမဟုတ်ပါ။ သို့ရာတွင် ကိုယ်တော်သည် ကရုဏာတော်နှင့်ပြည့်စုံသောဘုရား ဖြစ်တော်မူပါ၏။ ထို့ကြောင့် သားတော်၏ ကိုယ်ခန္ဓာတော်မြတ်သည် ဒုစရိုက်ပွမ်းသော ကျွန်တော်တို့ ကိုယ်ခန္ဓာများကို သန့်ရှင်းစေလျက်၊ အသွေးတော်မြတ်လည်း ကျွန်တော်တို့စိတ်ဝိညာဉ်များကို စင်ကြယ်စေသဖြင့် ကျွန်တော်တို့သည်သားတော်၌ အမြဲတည်နေကြ၍ ထိုသားတော်လည်း ကျွန်တော်တို့၌ အမြဲတည်နေတော်မူစေခြင်းငှာ၊ ကိုယ်တော်၏ ချစ်သားတော် သခင်ယေရှုခရစ်၏ အသားတော်၊ အသွေးတော်မြတ်ကို စားသောက်ခွင့်ပြုတော်မူပါ၊ ကျေးဇူးရှင်မြတ်စွာဘုရား။ ***အာမင်။***

"တစ်လောကလုံး၏အပြစ်ကို ခံဆောင်တော်မူသော ဘုရားသခင်၏ သိုးငယ်တော်မြတ်၊ ကျွန်တော်တို့ကို ကယ်မသနားတော်မူပါ။"

"တစ်လောကလုံး၏အပြစ်ကို ခံဆောင်တော်မူသော ဘုရားသခင်၏ သိုးငယ် တော်မြတ်၊ ကျွန်တော်တို့ကို ကယ်မသနားတော်မူပါ။"

"တစ်လောကလုံး၏အပြစ်ကို ခံဆောင်တော်မူသော ဘုရားသခင်၏သိုးငယ် တော်မြတ်၊ ကိုယ်တော်၏ ငြိမ်သက်ခြင်းကို ပေးသနားတော်မူပါ။"

***(ပွဲတော်မင်္ဂလာစီရင်သောဘုန်းကြီးသည် မတ်တတ်ရပ်လျက် အသားတော်၊ အသွေးတော်ကို တင်မြှောက်၍ ပရိသတ်ဘက်သို့လှည့်ကာ ဤသို့ဆိုရမည်။)***

တပည့်တော်တို့အဖို့စွန့်သော အရှင်ယေရှုခရစ်၏ အသားတော်နှင့် အသွေးတော် မြတ်ကိုခံယူရန် ကျေးဇူးတော်ချီးမွမ်းလျက် ယုံကြည်ခြင်းဖြင့် တိုးဝင်ချဉ်းကပ်ကြလော့။

**မုန့်ကိုပေးစဉ်ဆိုပါ**

တပည့်(မ)အဖို့စွန့်သော အရှင်ယေရှုခရစ်၏ခန္ဓာတော်သည် တပည့်(မ) ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်ကို ထာဝရအသက်အလို့ငှာ စောင့်ထိန်းတော်မူပါစေသော။

**ဖလားကိုပေးစဉ်ဆိုပါ**

တပည့်(မ)အဖို့စွန့်သော အရှင်ယေရှုခရစ်၏အသွေးတော်သည် တပည့်(မ)ကိုယ်ခန္ဓာနှင့် စိတ်ဝိညာဉ်ကို ထာဝရအသက်အလို့ငှာ စောင့်ထိန်းတော်မူပါစေသော။

**ကျေးဇူးတော်ချီးမွမ်းခြင်း**

**ဘုန်းကြီး** ။ ။ ထာဝရဘုရားသည် ပရိသတ်တို့နှင့်အတူရှိတော်မူပါစေသော။

**ပရိသတ်** ။ ။ ဆရာတော်နှင့်လည်းအတူရှိတော်မူပါစေသော။

**ဘုန်းကြီး** ။ ။ ခရစ်တော်ကိုယ်တော်တိုင် သွန်သင်ပေးသော ပဌနာတော်ကြီးကိုကျေးဇူးတော်ချီးမွမ်းခြင်းအားဖြင့် ရဲရင့်စွာနှင့်ဆိုကြကုန်အံ့။

**အားလုံး** ။ ။ ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်တော်တို့အဖ။ နာမတော်ကို ရိုသေခြင်း၊ နိုင်ငံတော်တည်ထောင်ခြင်း၊ အလိုတော်ပြည့်စုံခြင်းများသည် ကောင်းကင်ဘုံ၌ကဲ့သို့မြေကြီးပေါ်မှာ စုံလင်ပါစေသော။ အသက်မွေးလောက်သောအစာကို ယနေ့ပေးသနားတော်မူပါ။ ကျွန်တော်တို့အား ပြစ်မှားသူတို့အပေါ်တွင် ကိုယ်တိုင်ဖြေလွှတ်ကြသကဲ့သို့ ကျွန်တော်တို့၏အပြစ်များကိုဖြေလွှတ်တော်မူပါ။ အပြစ်သွေးဆောင်ရာသို့ မလိုက်မပါစေဘဲ၊ အဆိုးမှလည်း ကယ်နုတ်တော်မူပါ။ နိုင်ငံတော်၊ ဘုန်းတန်ခိုးအာနုဘော်တော်သည်၊ကမ္ဘာအဆက်ဆက်ရှိတော်မူသောအဖဘုရား။ ***အာမင်။***



**ဘုန်းကြီး** ။ ။ ဆုတောင်းကြကုန်အံ့။

အနန္တတန်ခိုးရှင် နိစ္စထာဝရဘုရား၊ အရှင်ယေရှုခရစ်၏ အသားတော်၊ အသွေးတော်ဖြစ်သော ဝိညာဉ်အစာအာဟာရဖြင့် ကျွေးမွေးတော်မူသောကြောင့် မဟာကျေးဇူးတော်ကို ချီးမွမ်းကြပါ၏။ ကျွန်တော်တို့သည် မေတ္တာကရုဏာတော်ကို ခံရကြကြောင်း၊ ယုံကြည်ဆည်းကပ်သူအပေါင်းတို့၏ အသင်းအဖွဲ့တည်းဟူသော သားတော်မြတ်ကိုယ်ခန္ဓာတော်၌အင်္ဂါဖြစ်ကြကြောင်း၊ အသက်စွန့်လှူတော်မူခြင်းကုသိုလ်တော်အတွက် ထာဝရနိုင်ငံတော်၏ အမွေခံဖြစ်ကြကြောင်းများကို သိရကြသောကြောင့်လည်း ချီးမွမ်းထောမနာပြုကြပါ၏။ ထိုသန့်ရှင်းသောအသင်းအဖွဲ့၌မြဲစွဲလျက် တရားတော်လမ်းကို လျှောက်လိုက်၍ ကောင်းမှုအမျိုးမျိုးကို ပြုနိုင်ကြစေရန် မစသနားတော်မူပါမည့်အကြောင်း အရှင်ယေရှုခရစ်ကိုအမှီပြု၍ တောင်းလျှောက်ကြပါသည် အဖဘုရား။

**ပရိသတ်** ။ ။ ***အာမင်။***

**(ထောမနာချက်ကို အသံနှင့်သော်လည်းကောင်း၊ ရိုးရိုးနှင့်သော်လည်းကောင်း တနင်္ဂနွေနေ့တိုင်း၊ ပွဲနေ့တိုင်း၊ အီစတာပွဲနေ့မှ တြိနတိတနင်္ဂနွေနေ့အထိ နေ့တိုင်းဆိုပါ။ ကျန်အခြားနေ့တွင် မဆိုဘဲနေလိုက နေနိုင်သည်။)**

**ထောမနာချက်**

ကောင်းကင်ဘဝဂ်ဝယ်ဘုရားသခင်သည် ဘုန်းတော်ထင်ရှားပါစေသော၊ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိပါစေသော၊ လူသတ္တဝါအပေါင်းတို့အား မေတ္တာကရုဏာရှိပါစေသော၊ အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူသော ကောင်းကင်ဘုံရှင် ခမည်းတော်ထာဝရဘုရား၊ ဘုန်းတော်၊ ဂုဏ်တော်ကို ထောက်မျှော်၍၊ ကျွန်တော်တို့သည် ကိုယ်တော်ကို ချီးမွမ်းကြပါ၏။ ကိုယ်တော်ကို ထောမနာပြုကြပါ၏။ ကိုယ်တော်ကိုကိုးကွယ်ကြပါ၏။ ဘုန်းတော်ကို ချီးမြှောက်ကြပါ၏။ ကျေးဇူးတော်ကို ချီးမွမ်းကြပါ၏။

တစ်ပါးတည်းသောသားတော်၊ အရှင်သခင်ယေရှုခရစ်ထာဝရဘုရား၊ ခမည်းတော်၏ သားတော်၊ တစ်လောကလုံး၏အပြစ်ကို ခံဆောင်တော်မူသော

ဘုရားသခင်၏သိုးငယ်တော်မြတ်၊ ကျွန်တော်တို့ကိုသနားတော်မူပါ။ တစ်လောကလုံး၏အပြစ်ကို ခံဆောင်တော်မူသောအရှင် သနားတော်မူပါ။ တစ်လောကလုံး၏အပြစ်ကို ခံဆောင်တော်မူသောအရှင်၊ ကျွန်တော်တို့၏ ပဌနာကို နားညောင်းတော်မူပါ။ ခမည်းတော်ဘုရားသခင်၏လက်ျာတော်၌ စံနေတော်မူသောအရှင် သနားတော်မူပါ။

ကိုယ်တော်တစ်ပါးတည်းသာသန့်ရှင်းတော်မူပါ၏၊ ကိုယ်တော်တစ်ပါးတည်းသာ အရှင်သခင်ဖြစ်တော်မူပါ၏၊ ကိုယ်တော်တစ်ပါးတည်းသာ သန့်ရှင်းသောဝိညာဉ်တော်နှင့် တကွ ခမည်းတော်ဘုရားသခင်၏ ဘုန်းတော်၌ အထွဋ်အမြတ်ဆုံးဖြစ်တော်မူပါ၏ အရှင်ခရစ်တော်ဘုရား။**အာမင်။**

***(ကောင်းချီးမင်္ဂလာမပေးမီ အောက်ပါဆုတောင်းချက်တစ်ခုခုကို ဆိုနိုင်သည်။ ထိုနောက် ဘုန်းကြီး၊ သို့မဟုတ် သာသနာပိုင်သည် ကောင်းချီးပေး၍ ပရိသတ်များကိုလွှတ်ပါစေ။)***

### ကောင်းချီးမင်္ဂလာ

လူတို့ကြံစည်၍ မမီနိုင်သော ဘုရားသခင်၏ ငြိမ်သက်ခြင်း ကျေးဇူးတော်သည် ပရိသတ်တို့၏ စိတ်နှလုံးထဲ၌ ဘုရားသခင်နှင့် သားတော်အရှင်သခင်ယေရှုခရစ်အား သိကျွမ်းခြင်းနှင့် ချစ်ကြည်မြတ်နိုးခြင်းကို ကွယ်ကာစောင့်ရှောက်ပါစေသော။ အနန္တတန်ခိုးရှင် ထာဝရဘုရားဖြစ်တော်မူသော၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ ကောင်းချီးမင်္ဂလာတော် သည်ပရိသတ်တို့အပေါ်သို့သက်ရောက်၍ အစဉ်အမြဲတည်ရှိစေသတည်း။

**ပရိသတ်** ။ ။**အာမင်။**



# ပွဲတော်နောက်ဆိုရန် ပဌနာများ

***အဒ်ဝင်တု တနင်္ဂနွေမှ ခရစ္စမတ်အဖိတ်နေ့အထိ***

အနန္တတန်ခိုးရှင် ထာဝရဘုရား။ သားတော်မြတ် သခင်ခရစ်တော် ပထမအကြိမ် ကြွရောက် လျက် အပြစ်သားတို့ကို ရှာဖွေရွေးနှုတ်ရန် ကြွလာသကဲ့သို့ ဒုတိယအကြိမ် ဘုန်းဂုဏ်တော်နှင့် ပေါ်ထွန်းလာသောအခါတွင် ကျွန်ုပ်တို့အတွင်း၌ ကယ်တင်ခြင်းအသီးအပွင့်ကို တွေ့မြင်နိုင်ရန် မစတော်မူပါမည့်အကြောင်း သားတော်နှင့်တကွ သန့်ရှင်းသောဝိညာဉ်တော်ပါ ကမ္ဘာအဆက်ဆက်စိုးစံတော်မူသော ခမည်းတော်ဘုရား။ ***အာမင်။***

***ခရစ္စမတ်နေ့မှ ဧပိဖနီအဖိတ်နေ့အထိ***

နက်နဲစွာလူ့ဇာတိကိုယူဆောင်တော်မူ၍ နှုတ်ကပတ်တော်ကြောင့် ကျွန်တော်တို့အား ရွှင်လန်းအားရစေတော်မူသော အရှင်ဘုရား။ ဘုန်းတော်ကို ဖူးမြင်ရပြီးသောကျွန်တော်တို့အား ကိုယ်တော်၏ကယ်တင်ခြင်းတန်ခိုးဖြင့် လူသစ်ပြောင်းလဲကြစေရန် မစသနားတော်မူပါ။ သားတော်နှင့်တကွ သန့်ရှင်းသောဝိညာဉ်တော်ပါ ကမ္ဘာအဆက်ဆက်စိုးစံတော်မူသောခမည်းတော်ဘုရား။ ***အာမင်။***

***ဧပိဖနီနေ့နှင့် နောက်ခုနစ်ရက်***

သားတော်အရှင်ယေရှုခရစ်ကို လူမျိုးခြားတို့၏ အလင်းဖြစ်စေရန် ထင်ရှားစေတော်မူသော အနန္တတန်ခိုးရှင်အဖဘုရား။ ကြံဆ၍မမီနိုင်သော ကိုယ်တော်၏ ကြွယ်ဝခြင်းများကို တစ်ကမ္ဘာလုံးသို့ ဖော်ပြနိုင်ကြသဖြင့် လူမျိုးတကာတို့သည် ကိုယ်တော်၏အသင်းတော်၌ မိတ်သဟာယပါဝင်ကြစေရန် သားတော်မြတ်၏ နာမတော်ကို ထောက်ထားလျက် သနားတော်မူပါ အရှင်ဘုရား။ ***အာမင်။***

***ပြာဖုံ့ဗုဒ္ဓဟူးနေ့မှ ဝေဒနာတနင်္ဂနွေ အဖိတ်နေ့အထိ***

ထာဝရဘုရား ကရုဏာသက်လျက် အပြစ်လွှတ်ရန် ဇာတိသဘောနှင့် ပြည့်ဝတော်မူသည်နှင့် အညီ ကျွန်တော်တို့၏ အသနားခံချက်များကို နားညောင်းတော်မူပါ။ အပြစ်နွံထဲ၌ နစ်မွန်း ချည်နှောင်ခြင်းခံရသော်လည်း ကိုယ်တော်၏ သနားခြင်း ကရုဏာတော်ဖြင့် ကျွတ်လွတ်စေတော်မူပါမည့်အကြောင်း စေ့စပ်ဖြေရှင်းပေးပိုင်ရှင် သခင်ယေရှုခရစ်တော်ကို အမှီပြု၍ တောင်းလျှောက်ကြပါသည် အဘဘုရား။ ***အာမင်။***

### ***ဝေဒနာ၊ အောင်ပန်းတနင်္ဂနွေနှင့် သန့်ရှင်းသောကားတိုင်ပွဲနေ့***

ထာဝရဘုရား။ သားတော်ကို ကားတိုင်ပေါ်တွင် ဒုက္ခခံစေတော်မူခြင်းအားဖြင့် ရန်သူမာရ် နတ်ဘေးမှ ကယ်နှုတ်တော်မူသည်နှင့်အညီ အစေခံခြင်းအားဖြင့်လည်း ရှင်ပြန်ထမြောက်ခြင်းတန်ခိုးကို သိကျွမ်းစေပါမည့်အကြောင်း ထိုအရှင်ယေရှုခရစ်ကို အမှီပြု၍ တောင်းလျှောက်ကြပါသည်ဘုရား။ ***အာမင်။***

### ***အီစတာနေ့မှ တက်ကြွခြင်းပွဲ အဖိတ်နေ့အထိ***

တတိယမြောက်နေ့တွင် သေခြင်းကိုအောင်မြင်၍ ရှင်ပြန်ထမြောက်တော်မူခဲ့သောကယ်တင်ရှင် သခင်ယေရှုခရစ်၏ ခမည်းတော် အနန္တတန်ခိုးရှင်ထာဝရဘုရား။ ထိုအရှင်နှင့်အတူ ရှင်ပြန်ကြပြီးသူ ကျွန်တော်တို့သည် စံတော်မူရာအထက်ဘုံမှမြင့်မြတ်ရာများကိုသာ ရှာကြံကြစေရန် သားတော်သခင်ယေရှုခရစ်၏နာမတော်ကြောင့် အသနားတော်ခံကြပါသည်ဘုရား။ ***အာမင်။***

### ***ရှိုးဂေးရှင်းတနင်္ဂနွေနေ့***

ကောင်းကင်ဘုံရှင် အဖဘုရား။ နေ့စဉ် အသက်မွေးလောက်သောအစာကိုတောင်းရန်သားတော်မြတ်အားဖြင့် သွန်သင်တော်မူသည်နှင့်အညီ မြေကြီးပေါ်ရှိသီးနှံများ တိုးပွါးစေရန် ကောင်းချီးသွန်းလောင်းတော်မူပါ။ ကျေးဇူးတော်ဖြင့်ခံစားရသည့်ဆုလဒ်များကိုဘုန်းတော်အတွက်အသုံးပြုစေပါမည့်အကြောင်း အရှင်ယေရှုခရစ်ကို အမှီပြုလျက် တောင်းလျှောက်ကြပါသည်ဘုရား။ ***အာမင်။***

### ***တက်ကြွခြင်းပွဲနေ့မှ ဝိဋ္ဌင်ပွဲအဖိတ်နေ့အထိ***

ကိုယ်တော်၏ အမိန့်တော်မြတ်ကိုနာခံ၍ နှုတ်ကပတ်တော်မြတ်ကို ဟောပြောနေကြသော မြေကြီးပေါ်ရှိအသင်းတော်အား မပျက်ကွက်သော ကောင်းကင်ဘုံစံအရှင်ဘုရား၏ အထောက်အပံ့ကို ပေးသနားတော်မူသဖြင့် အောင်မြင်ခြင်း များ ကို ဆက်လက်ရရှိစေတော်မူပါ။ ဘုန်းတော်နှင့် တက်ကြွတော်မူသောသားတော်နှင့်တကွ သန့်ရှင်းသောဝိညာဉ်တော်ပါ ကမ္ဘာအဆက်ဆက်စိုးစံတော်မူသော ခမည်းတော်ဘုရား။ ***အာမင်။***



### ***ဝိဋ္ဌင်ပွဲနေ့မှ စနေနေ့အထိ***

နိုင်ငံတိုင်းမှ လူအမျိုးမျိုးတို့ကို အမိန့်တော်မြတ်အတိုင်း ကိုယ်တော်၏တပည့်များဖြစ်နိုင်ကြစေရန်နှင့် သားတော်အတွက် ရဲရင့်စွာ သက်သေခံနိုင်ကြရန် ကျွန်တော်တို့အား သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝစေတော်မူပါမည့်အကြောင်း သားတော်မြတ် သခင်ယေရှုခရစ်ကို အမှီပြုလျက် တောင်းလျှောက်ပါသည် အရှင်ဘုရား။ ***အာမင်***

### ***တြိနတိပွဲနေ့***

မကွဲမကွာ သုံးပါးတစ်ဆူဘုရားကိုယုံကြည်၍ လောက၌ ကြည်ညိုရကြသဖြင့် ကောင်းကင်ဘုံတွင် ကိုယ်တော်၏ဘုန်းတော်ကို ဖူးမြင်ထိုက်သူများ ဖြစ်စေတော်မူပါ။ ကမ္ဘာအဆက်ဆက် စိုးစံပိုင်သတော်မူသော တစ်ဆူတည်းသောဘုရား။ ***အာမင်။***

### ***ရောင်ခြည်တော်လွှတ်ခြင်းပွဲနေ့***

ထာဝရဘုရား။ တောင်ပေါ်တွင် တစ်ပါးတည်းသောသားတော်၏မျက်နှာကိုနေကဲ့သို့ ထွန်းလင်းသည့်တိုင် အံ့ဩဖွယ်ရောင်ခြည်ကွန့်မြူးစေခဲ့သည့်အတိုင်း ဤလောက၏မငြိမ်မသက်မှုများမှ လွတ်ကင်းစေလျက် ဘုရင်ထက်ဘုရင်၊ အရှင်ထက်အရှင်၏ မျက်နှာတော်ကို ထိုက်တန်စွာ ဖူးမြင်နိုင်အံ့သောငှာ ကျွန်တော်တို့ကိုမစတော်မူပါမည့်အကြောင်း သားတော်နှင့်တကွ သန့်ရှင်းသောဝိညာဉ်တော်ပါ ကမ္ဘာအဆက်ဆက်စိုးစံတော်မူသောခမည်းတော်ဘုရား။ ***အာမင်။***

### ***ခရစ်တော်ဘုရင်မင်းပွဲနေ့***

အနန္တတန်ခိုးရှင် ထာဝရဘုရား။ သားတော်ကို လက်ျာဘက်တွင် စံနေစေတော်မူလျက် ကျွန်ုပ်တို့၏ ယဇ်ပရောဟိတ်နှင့် ဘုရင်မင်းဖြစ်စေတော်မူသည့်အတိုင်း ကောင်းကင်ဆိုင်ရာ ကောင်းချီးများဖြင့် သန့်စင်စေတော်မူလျက် ကျွန်တော်တို့အား နိုင်ငံတော်အတွက် ထက်သန်စွာ အစေခံနိုင်ဖို့ရန် မစတော်မူပါမည့်အကြောင်း အရှင်ခရစ်တော်ကိုအမှီပြုလျက် တောင်းလျှောက်ကြပါသည်ဘုရား။ ***အာမင်။***

### ***တမန်တော်နှင့် ဧဝံဂေလိဆရာများပွဲနေ့***

အနန္တတန်ခိုးရှင် ထာဝရဘုရား။ တမန်တော်နှင့် ဧဝံဂေလိဆရာများအားဖြင့် လောကသားတို့အား သမ္မာတရားကိုသွန်သင်ပေးလျက် အလင်းကိုရစေသည့်အတိုင်း ထိုမိတ်သဟာယဖွဲ့ခြင်း ကျေးဇူးတော်အတွင်း၌ ရွှင်လန်းဝမ်းမြောက်လျက် သူတို့ကဲ့သို့ ရဲရင့်သောစိတ်ဖြင့် ကိုယ်တော်အား သိသောသဘောကို ကြေညာနိုင်ဖို့ရန် မစပါမည့်အကြောင်း ကယ်တင်ရှင်သားတော်ယေရှုကို အမှီပြု၍ တောင်းလျှောက်ပါသည် အဖဘုရား။ ***အာမင်။***

### ***သန့်ရှင်းသူအပေါင်းတို့နေ့ (နှင့် နောက်ခုနစ်ရက်)***
### ***ငှင်းအပြင် မည်သည့်သန့်ရှင်းသူပွဲနေ့တွင်မဆို ရွတ်ဆိုပါ။***

ကာလဒေသတိုင်းမှ ရွေးနုတ်ကယ်တင်ခြင်းကို ခံရပြီးသူများ၏ ကိုးကွယ်ခြင်းကို ခံယူတော်မူသော အရှင်ဘုရား။ ရှေ့တော်၌ ရောက်ရှိနေကြကုန်သော သန့်ရှင်းသူများအတွက် ကိုယ်တော်ကို ထောမနာပြုကြပါ၏။ အလိုတော်အတိုင်း လုပ်ကိုင်ခဲ့ကြလျက် ဖြောင့်မတ်တော်မူခြင်းကို ဖော်ပြကြကုန်သော ထိုသူများနှင့်အတူ နောက်ဆုံးသောနေ့၌ ကျွန်တော်တို့ကိုလည်း အရေအတွက်တွင် ပါဝင်စေတော်မူပါမည့်အကြောင်း အရှင်ယေရှုခရစ်ကိုအမှီပြု၍ တောင်းလျှောက်ကြပါသည်ဘုရား။ ***အာမင်။***

### ***ဝိညာဉ်အပေါင်းပွဲနေ့နှင့် သေဆုံးသူများအောက်မေ့ခြင်းနေ့***

နိစ္စထာဝရ အဖဘုရား။ အသက်ဝိညာဉ်အားလုံးကို ပိုင်သတော်မူသည့်အတိုင်း ကိုယ်တော်၏ နှစ်သိမ့်ခြင်းအလင်းကို ပါရဒိသုဘုံနှင့် လောကရှိ အသင်းတော်အားလုံးအပေါ် သက်ရောက်စေတော်မူပါ။ ကိုယ်တော်ကိုချစ်လျက်၊ အစေခံလျက် ယခုတွင် နားနေကြသူတို့၏ ပုံသက်သေအတိုင်း လိုက်လျှောက်ခြင်းဖြင့် အဆုံးတွင် မကုန်မဆုံးနိုင်သော ကိုယ်တော်၏ သုခဘုံထဲသို့ ဝင်ရောက်ခွင့်ပြုတော်မူပါမည့်အကြောင်း သခင်ခရစ်တော်ကို အမှီပြုလျက် တောင်းလျှောက်ကြပါသည်ဘုရား။ ***အာမင်။***



### ***အိမ္မာနေ့၊ သိက္ခာတင်ပွဲနေ့များ***

သိုးထိန်းတော်မြတ်အရှင်ဘုရား။ မွန်မြတ်သောအသွေးတော်၊ အသားတော်ဖြင့် အသက်ကို စွန့်သည့်တိုင် ပြုစုကျွေးမွေးတော်မူသည့်အတိုင်း ရွေးချယ်ခန့်ထားသော အမှုတော်ဆောင်တို့၏ စိတ်သဘောကို အနန္တမေတ္တာတော်နှင့် ရှင်သန်စေလျက် သိုးတော်စုကို ကယ်တင်ခြင်းသို့ရောက်ရန် လမ်းပြရာတွင် ထိုဆုကျေးဇူးကို ဝမ်းမြောက်ခြင်းနှင့် အားထုတ်နိုင်ခြင်းဖြင့် ဘုန်းတော်ဂုဏ်တော်ထင်ရှားစေပါမည့်အကြောင်း သားတော်နှင့်တကွ သန်ရှင်းသော ဝိညာဉ်တော်ပါ ဘုရားတစ်ဆူတည်းဖြစ်လျက် ကမ္ဘာအဆက်ဆက်စိုးစံတော်မူသော ခမည်းတော်ဘုရား။ ***အာမင်။***

### ***ဗိမာန်တော်ဆက်သခြင်းပွဲနေ့***

ထာဝရဘုရား။ သားတော်ကို လောက၏ အလင်းအဖြစ်ပေးသနားတော်မူသည်နှင့် အညီ နက်နဲသောကောင်းချီးဆုမင်္ဂလာများအားဖြင့် အလင်းရကြစေရန် ကျွန်ုပ်တို့အား မစတော်မူပါ။ သစ္စာရှိသူ ရှင်ရှုမောင်နှင့်အတူ သားတော်၏ဘုန်းဂုဏ်တော်ကို သိကျွမ်း ဝန်ခံနိုင်စေပါမည့်အကြောင်း အသနားတော်ခံကြပါသည်ဘုရား။ ***အာမင်။***

### ***သီးသန့်ထားသော ပဋ္ဌနာများမရှိခဲ့သော် အောက်ပါတစ်ခုခုကိုသုံးရန်***

အရှင်ထာဝရဘုရား၊ မြေကြီးဆိုင်ရာများကိုမဟုတ် ကောင်းကင်ဆိုင်ရာများကိုသာ ဂရုစိုက်လျက်၊ မတည်မြဲသော သင်္ခါရလောကထဲတွင် ခရီးသွားနေရကြစဉ် နိစ္စတည်သောအရာများကိုသာ စွဲလန်းနိုင်ကြစေရန် သွန်သင်တော်မူပါ။ ခမည်းတော်၊သားတော်၊သန့်ရှင်းသောဝိညာဉ်တော်တစ်ဆူတည်းသောဘုရား။ ***အာမင်။***

တစ်ကမ္ဘာလုံး၏ ကယ်တင်ရှင် အိုထာဝရဘုရား။ ကိုယ်တော်အားဖြင့် ကျွန်တော်တို့သည် ဤနက်နဲရာများကို စီရင်ခဲ့ကြပါသည်။ ကျွန်တော်တို့၏ ကျေးဇူးတော်ချီးမွမ်းခြင်းဝတ်ကို လက်ခံတော်မူ၍ ကရုဏာတော်ဖြင့် ကိုယ်စိတ်နှစ်ပါးလုံးကို သန့်ရှင်းစေတော်မူပါ။ ခမည်းတော်နှင့်တကွ သန့်ရှင်းသော ဝိညာဉ်တော်ပါ ကမ္ဘာအဆက်ဆက် စိုးစံတော်မူသော ယေရှုဘုရား။ ***အာမင်။***